
စိတ်ကူးချိုချိုအနုပညာ

# ယုံရခက်သော ဇာတ်လမ်းတစ်ခု

## ဘုန်းမြင့်

ရှမဝသွေးသောက်တစ်ခေတ် ထင်ရှားခဲ့သော
စာရေးဆရာဘုန်းမြင့်၏
ဝတ္ထုတိုလက်ရာများ စုစည်းခြင်း။



mgyoe.com

# ယုံရခက်သော
# ဇာတ်လမ်းတစ်ခု

## ဘုန်းမြင့်

စာရေးဆရာဘုန်းမြင့်သည် ရှ၈၀၊ ဧလွှးဧသာက်စသည့် မဂ္ဂဇင်းများတွင် ထင်ရှားခဲ့သော ဝတ္ထုတိုဆရာတစ်ဦးဖြစ်သည်။ ဝတ္ထုတိုများ ဆက်တိုက်ရေးသားလာခဲ့ပြီး ပရိသတ်များအသိအမှတ်ပြုပြီး ချိန်တွင် စစ်မှုဝင်ရောက်ထမ်းဆောင်ခဲ့ရာမှ ဝတ္ထုတိုများ ဆက်လက်မရေးသားဖြစ်ခဲ့ဟု သိရသည်။ နောင်တွင် စစ်သားဘဝ အတွေ့အကြုံများကို အခြေခံကာ ဝတ္ထုရှည်များရေးဖွဲ့လျက် လုံးချင်းစာအုပ်များ ထွက်ရှိလာရာ ဝတ္ထုတိုကဲ့သို့ပင် အောင်မြင်မှုရရှိခဲ့သည်။ ထင်ရှားသော လုံးချင်းဝတ္ထုများမှာ နွေနှောင်းညဦးသံသရာ၊ တိုက်ပွဲပြန်၊ ကိုယ်တွေ့တိုက်ပွဲများ တို့ ဖြစ်သည်။ မုံ့ ကဲ့သို့ အမိုးဝတ္ထုသည်လည်း ထင်ရှားသည်။ ယခုစာအုပ်သည် စုဆောင်းရရှိသော ဘုန်းမြင့်၏ ဝတ္ထုတိုစုစည်းမှုဖြစ်သည်။



NW0097

2,000.00 KS

mgyoe.com

mgyoe.com

ယုံရခက်သောဇာတ်လမ်းတစ်ခုဝတ္ထုတိုများ၊ ဘုန်းမြင့်
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ ၁၄၀ မျက်နှာ၊ ၁၃ စင်တီ × ၂၀ ·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း၊
၂၀၁၈၊ မေလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ယုံရခက်သော ဇာတ်လမ်းတစ်ခု

ဝတ္ထုတိုများ

ဘုန်းမြင့်

ပထမအကြိမ်၊ ၂၀၀၇

mgyoe.com

mgyoe.com

ဆရာဘုန်းမြင့်၏ ဝတ္ထုတိုလက်ရာများအား လက်လှမ်းမီသ၍ စုစည်းစိစဉ်ရိုက်နှိပ်ရာတွင် စာမူများကို ရှေ့နေကြီး ဦးဇော်လင်း (စာရေးဆရာ လင်းအေး) မှ မေတ္တာဖြင့် စုဆောင်းပေးခဲ့ပါသည်။

ယခု စာအုပ်အဖြစ် ရိုက်နှိပ်ထုတ်ဝေရာတွင် စာမူမူပိုင်ခွင့်ရှိသူများနှင့် အဆက်အသွယ် မရရှိခဲ့ပါသဖြင့် မူပိုင်ခွင့်ရှိသူများမှ စိတ်ကူးချိုချိုစာအုပ်တိုက်သို့ အထောက်အထားဖြင့် ညှာဏ်ပူဇော်ခ ဆက်သွယ်ထုတ်ယူပေးပါရန် မေတ္တာရပ်ခံပါသည်။

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | လူကိုမလေ့လာသောအခါ | ၁ |
| ၂။ | သမီးကလေး ဖြူဖြူ | ၁၅ |
| ၃။ | ကျေးရူး | ၂၇ |
| ၄။ | ငိုနိုင်ပါတယ်မေမေရယ် | ၃၇ |
| ၅။ | ယုံရခက်သော ဇာတ်လမ်းတစ်ခု | ၅၁ |
| ၆။ | မှားသောရှေ့နေ | ၆၆ |
| ၇။ | ချစ်သောသူနှင့် ပျော်ပါစေ | ၈၀ |
| ၈။ | သန့်စင်မေတ္တာ | ၉၄ |
| ၉။ | ငပလီဇာတ်လမ်း | ၁၀၇ |
| ၁၀။ | အိစက်ညက်ညောတယ် | ၁၁၇ |
| ၁၁။ | မိုက်ကြသည့်အရွယ် | ၁၃၁ |


■

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



# လူကို
# မလေ့လာသောအခါ

mgyoe.com

mgyoe.com

[ ၁ ]

တစ်ဖက်အိမ်တွင် လူတစ်စု စကားဝိုင်းဖွဲ့နေကြပေသည်။ ဘာတွေ ပြောနေကြသည်ကား မသိ။ လူဆိုတာ...လူဆိုတာ...ဟူသော စကားလုံးကို မကြာခဏကြားရသဖြင့် လူတွေအကြောင်း ဆွေးနွေးနေကြတာကိုးဟု သိလိုက်ရသည်။

ရွှေလသာသောညမို့ အစစ အရာရာသည် လှပနေသည်။ တစ်ရံ တစ်ခါ တိုးဝင်လာသော လေပြည်ကလေးကလည်း အေးမြလှသည်။ ကျွန်တော်သည် ပက်လက်ကုလားထိုင်ပေါ်တွင် ဆေးတံခဲရင်းက ည၏ အလှအပဝယ် ယစ်မူးနေမိသည်။

"ကိုယ်ကကောင်းမှ သူကကောင်းတယ် ဆိုတဲ့ စကားတော့ ကျွန်တော် လက်မခံဘူးဗျာ၊ ကိုယ်ကကောင်းပေမဲ့ သူက ကောင်းချင်မှ ကောင်းတာ၊ ကိုယ်ကမကောင်းပေမဲ့လည်း သူက ကောင်းချင်ကောင်းတတ် တယ်၊ လောကကြီးမှာ ပုံသေကားကျရယ်လို့ ဘယ်ဟာမှ မရှိပါဘူး"

စကားဝိုင်းမှ အသံတစ်ခုသည် ကျွန်တော့်နားတွင်းသို့ တိုးဝင်လာ လေသည်။ ချက်ချင်းပင် ည၏ အလှထဲ၌ ကျရောက်နေသော ကျွန်တော့် အာရုံလည်း ပျောက်ကွယ်သွားလေသည်။ 'သည်စကားမျိုး ငါကြားဖူးပါ တယ်'ဟု ကျွန်တော် စဉ်းစားနေမိသည်။ 'ဘယ်မှာပါလိမ့်၊ ဘယ်တုန်းကပါ လိမ့်၊ ဘယ်သူပြောခဲ့တာပါလိမ့် ...'

"ဟာ...သတိရပြီ၊ တင်မောင်...တင်မောင် ဒီကောင်ပြောခဲ့တာ၊ အဲလေ... ပြောခဲ့တာမဟုတ်ဘူး ရေးခဲ့တာ"

mgyoe.com

ကျွန်တော်သည် နှစ်ပေါင်းအတန်ကြာက အဖြစ်အပျက်တစ်ရပ်ကို ပြန်လည် အမှတ်ရလာမိလေသည်။

[ ၂ ]

ကျွန်တော်နှင့် အလွန်ခင်မင်ရင်းနှီးသော ငယ်သူငယ်ချင်းများတွင် တင်မောင်လည်း ပါဝင်ခဲ့သည်။ သူနှင့်ကျွန်တော်သည် ဆော့ဖက်၊ ထိုးဖက်၊ တေဖက်၊ ပေဖက်များ ဖြစ်ကြသည်။ သည်အကောင်သည် သတ္တိကောင်းချင်လျှင် အလွန်ကောင်းတတ်၍ ကြောက်မိလျှင်လည်း အီးအီးပင်ပါတတ်သည်။ အရွှတ်အပြောင်လည်း အလွန်ပြောတတ်သည်။ သို့ရာတွင် 'မ'နှင့်ပတ်သက်လျှင်တော့ အလွန်ညံ့သည်။ တစ်ခါက ဘယ်သူမှ မစရဲသော ကလေးမတစ်ဦးနောက် ဇွတ်လိုက်၍ စာပေးရာ ကလေးမက ဖိနပ်ကုန်းချွတ်သဖြင့် တစ်ချိုးတည်း လစ်ခဲ့ရဖူးလေသည်။ သည်ကတည်းက မိန်းမဆိုလျှင် သူကြောက်တတ်လာခဲ့သည်။

ဆယ်တန်းအောင်ပြီးသည့်နောက်တွင် တင်မောင်နှင့်ကျွန်တော်ကွဲခဲ့ကြသည်။ ကျွန်တော်က ရန်ကုန်ပြောင်းလာ၍ သူက သူ့မိဘ ဆေးလိပ်ရုံအတွက် ရှမ်းပြည်တက်ကာ သနပ်ဖက် အဝယ်တော်လုပ်ရသည်။ သူ့မိဘများကလည်း သားသမီးငါးယောက်တွင် တစ်ဦးတည်းသော သားယောကျ်ားလည်းဖြစ်၊ သားကြီးဩရသလည်းဖြစ်သဖြင့် အလွန်ချစ် အလွန်အားကိုးကြသည်။ အားကိုးကြသည့်အတိုင်း သူကလည်း အသက် ၃၀ အထိ အိမ်ထောင် မပြုဘဲ စီးပွားရေးကိုသာ ကြိုးပမ်းခဲ့သည်။ သို့သော် တစ်နေ့တွင်တော့ သူ့သတင်းကို ဝမ်းနည်းစရာကြီး သိရလေသည်။

"ဆိုစမ်းပါဦး...ဘယ်သူနဲ့လဲကွ"

အလည်ရောက်လာသော သူငယ်ချင်းလှအောင်က မဲ့ပြုံးပြုံးလိုက်သည်။

"ရုံးစာရေးကြီး ကိုသန်းမောင်မိန်းမနဲ့ကွ"

"ဟာ...သူများမယားနဲ့ ဟုတ်လား"

"ကိုသန်းမောင်က သေသွားပြီလေကွာ၊ မင်း မသိသေးဘူးလား၊ တစ်နှစ်ကျော်ကျော်လောက် ရှိသွားပြီ"

mgyoe.com

mgyoe.com

"ဖြစ်မှဖြစ်ရလေ...လှအောင်ရာ၊ အပျိုရှားလို့တဲ့လား၊ တောက်... ဒီကောင်ကို ငါတွေ့လိုက်စမ်းချင်တယ်"

ကရုဏာဒေါသဖြင့် ကျွန်တော်၏ ကိုယ်သည် တုန်၍ပင်လာသည်။ တင်မောင်သာ အနားမှာရှိလျှင် ဆွဲထိုးမိမည် ထင်သည်။ လှအောင်ကမူ ကျွန်တော့်ကိုကြည့်၍ ပြုံးလေသည်။

"မခင်ကြည်ကို မင်းမြင်ဖူးတယ် မဟုတ်လား"

"မမှတ်မိတော့ဘူးကွ၊ မြင်တော့ မြင်ဖူးမှာပဲ"

"အသားညိုညို ကိုယ်လုံးကိုယ်ထည် တောင့်တောင့် စံပယ်တင်မဲ့နဲ့လေကွာ၊ ရုပ်ကတော့ သိပ်မရှိပါဘူး၊ ဒါပေမဲ့ သိပ်ခေတ်ဆန်တယ်၊ ညှို့ဓာတ်ကလည်း သိပ်ကောင်းတယ်"

"ဒါကြောင့် ဒီကောင် စွဲသွားတယ် ဆိုပါတော့"

"အေးပေါ့...မင်းကောင်ကို ငါပြချင်တယ်၊ အရူး အမဲသားကျွေးထားတဲ့ အတိုင်းပဲ၊ မိဘတွေ နှမတွေလည်း ရှက်ရှာလွန်းလို့ အိမ်တောင် အကပ်မခံတော့ဘူး၊ ဒီကောင်မကို စွန့်ရင်စွန့် မစွန့်ရင် အမွေပြတ်ပဲလို့ ပြောနေကြတယ်၊ ဒါလည်း သူက မမှုဘူးကွ"

"သြော်...တင်မောင်...တင်မောင် ဖြစ်မှဖြစ်ရပလေကွာ"

ကျွန်တော်ပင်လျှင် တင်မောင့်အတွက် ရင်နာကာ ညည်းညူမိလိုက်သည်။ သည့်နောက်တော့ ကျွန်တော်သည် သူ့ကို မေ့ပစ်လိုက်လေသည်။

## [ ၃ ]

နှစ်နှစ်ခန့်ကြာသောအခါ တင်မောင် ကျွန်တော့်ထံ ပေါက်လာလေသည်။

သူ့ရုပ်သည် အတော်ကျချေပြီ။ ငယ်ငယ်တုန်းကလို ရှိုးတွေ ဘာတွေလည်း မရှိတော့။ သို့သော် ပြုံးဖြဲဖြဲအကျင့်ကမူ မပျောက်သေးဘဲ ရှိနေသည်။

"ဟဲ...ဟဲ...မင်း သူငယ်ချင်းတော်တော်ပီသတဲ့ကောင်ကွာ၊ မယား ယူတာ ငါ့ကိုတောင် မဖိတ်ဘူး"

"မင်းကလည်းကွာ ဖိတ်စာကမ်းပြီး ယူခဲ့ရတာ မဟုတ်ဘူးကွ၊ မင်း

mgyoe.com

mgyoe.com


လည်း ကြားပြီးရောပေါ့"

"ကဲ...ထားပါတော့လေ၊ အခု အခြေအနေက ဘယ်လိုလဲ၊ မင်း ဒူးမနာသမီးကလေးလည်း ကြီးလှရောပေါ့ ဟုတ်လား"

ကျွန်တော်က ခနဲ့ပြန်သည်။ ထိသွားသောကြောင့်လား မပြောတတ်။ သူ့မျက်နှာသည် ကွက်ခနဲ ပျက်သွားသည်။ သည်တော့လည်း အလွန်ခင်သော သူငယ်ချင်းမို့ အသနားဖက်သွားမိပြန်သည်။

"အေး...ဆိုပါတော့ကွာ၊ ဒါတွေ ထားပါဦး၊ ခု မင်းဆီလာတာက အကူအညီလိုချင်လို့ကွ"

"ဘာလဲ မင်း ဖားသားကြီးကို ပြောပေးဖို့လား ဟုတ်လား"

"အေးကွာ၊ အဖေတို့ အမေတို့က အဆက်ဖြတ်ထားတော့ ငါလည်း ဘိုင်တွန်နေပြီကွ၊ မိန်းမကလည်း ပူညံပူညံလုပ်လာပြီ"

"မင်းကို အမွေတောင်းခိုင်းပြီ ဆိုပါတော့"

"ဟာ...မင်း တယ်တော်တဲ့ကောင်ပါလား"

"ဟဲ...ဟဲ ငါ့ဝမ်းထဲမှာက ပုဏ္ဏားကလေးရှိတယ်ကွ၊ မင်းအမွေတောင်းရင်တောင်း မတောင်းရင်၊ တောင်းလို့လည်းမရရင် မင်းကို မပေါင်းနိုင်ဘူး၊ ဂျောင်းတော့ ဒီလိုမဟုတ်လား"

"လက်စသတ်တော့ မင်းက ကြားပြီးနေပြီကိုး"

"မကြားပါဘူး တင်မောင်ရာ၊ ပညာရှိအတွေးနဲ့ ပြေးမကြည့်ဘဲ သိတာပါ၊ မခင်ကြည် ဘယ်လိုမိန်းမစားလည်းဆိုတာ မင်းကလွဲရင် အားလုံး သိနေကြတာ၊ မင်းကို လူပျိုကလေးရယ်လို့ မက်ပြီးယူတာ မဟုတ်ဘူး အေရဲ့၊ အမွေကိုမက်ပြီး ယူတာ၊ ခုတော့ မင်းသိပြီ မဟုတ်လား၊ အေး...သုံးတုံးကုန်မှ ချေးမှန်းသိတယ်ဆိုတာ မင်းပဲ...မင်းပဲ"

"ပြောကွာ...ပြော...ပြော၊ မင်းပြောချင်သလိုပြော၊ ဒါပေမဲ့ ငါကတော့ သူမှ သူပဲကွ၊ အမွေမရချင် နေပေ့စေ၊ သူ့ကိုတော့ ငါမစွန့်နိုင်ဘူး၊ သူက စွန့်တာလည်း ငါမခံဘူး၊ သူ့ကိုလည်း ငါသတ်မယ်၊ ငါ့ကိုယ်လည်း ငါသတ်မယ်၊ ဒါပဲ"

တင်မောင်သည် စောစောက တင်မောင် မဟုတ်တော့။ သူ့ရုပ်၊ သူ့အသံ၊ သူ့ဟန် အားလုံး ပြောင်းလဲသွားသည်။ သူ့အသားများသည်

mgyoe.com

mgyoe.com


နီတက်လာသည်။ သူ့လက်များသည် တဆတ်ဆတ် တုန်လာသည်။

"သြော်...တင်မောင်...တင်မောင်"ဟုဆိုကာ ကျွန်တော်သည် သက်ပြင်းကြီးတစ်လုံး ချလိုက်မိလေသည်။

"မင်းကွာ...ပညာတွေလည်း သင်ထားတဲ့ကောင်ပါ၊ မိန်းမတစ်ယောက်ကို ဒီလောက်ပဲ ရူးရူးမူးမူး စွဲရသလားကွာ"

"ဒါတွေ ပြောမနေပါနဲ့တော့ သူငယ်ချင်း၊ လူဆိုတာ ကိုယ့်အကြိုက်နဲ့ ကိုယ်ပါ၊ တမာခါးပေမဲ့ ကြိုက်တဲ့လူ ရှိတာပဲ၊ ငရုတ်သီး ဘယ်လောက်စပ်စပ် အတောင့်လိုက် ဝါးစားတဲ့သူလည်း ရှိတာပဲ၊ အဲ...ငါ မင်းဆီလာတာက အကူအညီတောင်းဖို့ပဲ၊ မင်းက အဖေတို့ အမေတို့နဲ့ သိပ်ခင်တယ်မှတ်လား၊ မင်းပြောရင် ရမယ်လို့ထင်တယ်၊ နောက်ဆုံးကွာ ငွေသောင်းလေးငါးထောင်လောက်ရရင် တော်ပါပြီ၊ နောက် ငါကြီးပွားရင်လည်း ပြန်ပေးမှာပါ၊ ငါငွေမမက်ပါဘူး၊ အခက်တွေ့နေလို့သာပါ"

'မ' စိတ်သည် ဆိုးလှချေသည်။ သည်အဆိပ်မိလိုက်လျှင် ဘယ်သူမျှ ခံနိုင်စွမ်းမရှိ။ ကိုယ့်အကြိုက်နှင့်ကိုယ် ဆိုသောစကားကလည်း မှန်လိုက်ပါဘိခြင်း။ သည်တော့ကာ တင်မောင်ခမျာသည် ရယ်စရာ၊ လှောင်စရာသတ္တဝါ မဟုတ်တော့။ သနားစရာသာ ဖြစ်လာသည်။ ကျွန်တော်သည် သူ့ကို သနားလာသည်။ ထို့ကြောင့် "ငါ ကြိုးစားကြည့်မယ်ကွာ"ဟု ကတိပေးလိုက်မိလေသည်။

## [ ၄ ]

ကျွန်တော်သည် ခွင့်တစ်ရက်ယူ၍ ခရီးထွက်ခဲ့လေသည်။ ရှေးဦးစွာ တင်မောင်၏အိမ်သို့ ဝင်သည်။ မခင်ကြည်ကို လှေ့လာအကဲခတ်သည်။

တင်မောင်ထက် နှစ်နှစ်လောက် ကြီးသော်လည်း မခင်ကြည်သည် တင်မောင့်ထက်ပင် နုပျိုပေသည်။ စွဲမက်စရာလည်း ကောင်းလှသည်။ ကိုယ်လုံးကိုယ်ပေါက်၊ အဆင်အပြင်၊ အပြောအဆို၊ အလှုပ်အရှား အားလုံး ကောင်းသည်။ တခြား ကောင်းတာတွေလည်း ရှိဦးမည်။ သူ့သမီးကလေးကလည်း ချစ်စရာ။ တင်မောင်ခမျာကလည်း ချစ်ရှာပါဘိခြင်း။ မယားပါမို့သာ တော်တော့သည်။ သူနှင့်သာ မွေးခဲ့ပါလျှင် ငုံထားမည်လား မပြောတတ်။

mgyoe.com

mgyoe.com


"လူတွေကတော့ ကျွန်မ မြှောက်ပေးတယ် ပြောကြမှာပါပဲ၊ တကယ်ကတော့ လင်မယားဆိုတာ ချစ်နေကြရုံနဲ့ ပြီးတာမဟုတ်ဘူး၊ စားဖို့ ဝတ်ဖို့နဲ့ လူတန်းစေ့နေနိုင်ဖို့က အလွန်အရေးကြီးပါတယ်၊ ခုဆိုရင် နှစ်နှစ်ကျော်တော့ မယ်၊ သူ ဘာအလုပ်မှ မည်မည်ရရ မလုပ်ဘူး၊ ဟိုလိုလို ဒီလိုလိုနဲ့ ရှိတာကလေးတွေ ထိုင်စားလာကြတာ မပြောင်ရုံတမည်ပဲ ရှိတော့တယ်၊ အစိုးရအလုပ်ဝင်လုပ်ပါဆိုတော့လည်း ဝင်ငွေနည်းလို့ မလုပ်ချင်ဘူးတဲ့၊ ကုန်သည်ပဲလုပ်ချင်သတဲ့၊ ဒီတော့ ငွေရှိမှ ဖြစ်တာမဟုတ်လား၊ ဒါကြောင့် အမွေရယ်လို့ မရရင်လည်းနေပါစေ၊ အရင်းအနှီးကလေးလောက်ရရင် ကျွန်မ ကျေနပ်ပါတယ်"ဟု မခင်ကြည်က ဆိုသည်။

ဟုတ်သည်။ သူ့အကြောင်းပြချက်သည် မဆိုးလှ။ လမ်းကျပေသည်။ သို့သော် တစ်ခုတော့ ကျွန်တော် သတိပြုမိသည်။ သူ့ကိုယ်တွင် လက်ဝတ်လက်စားတွေကတော့ အပြည့်အစုံရှိနေသည်။

အချိန်သိပ်မရသဖြင့် ဆွေမျိုးသားချင်းများထံ ခေတ္တသာ ဝင်ရောက်နှုတ်ဆက်နိုင်သည်။ ကျွန်တော်သည် တင်မောင့်မိဘများအိမ်သို့ ခရီးသွားဟန်လွှဲသဘော ဝင်ရောက်ခဲ့ရလေသည်။

"......ဦးလေးတို့ သားအကြောင်း ဦးလေးတို့ အသိပဲမဟုတ်လား၊ ဒီကောင်က စိတ်ညစ်ရင် ထင်တာ စွတ်လုပ်မဲ့အကောင်၊ ကျွန်တော်တောင်စိတ်မကောင်းဘူး၊ နောက်ဆုံးကျွာ ငါ့မိဘက ငါ့ကို ဒီလောက်ရက်စက်ရင် ငါ့ကိုယ်ငါ သတ်သေလိုက်မယ်တဲ့၊ ဒီတော့ တင်းလွန်းရင် မကောင်းဘူးလို့ ထင်ပါတယ်၊ သူလည်း ဒီလောက်မိုက်တဲ့ကောင် မဟုတ်ပါဘူး၊ မိဘကိုခြေစုံကန်တာလည်း မဟုတ်ပါဘူး၊ ရသင့်ရထိုက်လို့ တောင်းတာလည်းမဟုတ်ပါဘူး၊ အရင်းအနှီးလောက်သာ လိုချင်တာပါလို့ ကျွန်တော့်ကိုပြောပါတယ်၊ ငွေ သောင်း လေးငါးထောင်လောက်တော့ ဦးလေးတို့အဖို့အကြောင်းလည်း မဟုတ်ပါဘူး ဦးရယ်၊ နောက် ခရီးလွန်တော့မှ အမယ်လေးဒီလိုဖြစ်မယ်မှန်း မသိလို့ပါ သားရယ်လို့ ဆိုပြီး မျက်ရည်ကျတာမျိုး မဖြစ်စေချင်ဘူး၊ ဒါကြောင့် ကြုံတုန်းကြုံခိုက် ကျွန်တော် ဝင်ပြီးအကြံပေးတာပါ၊ ကဲ...ကျွန်တော်သွားမယ်၊ ဝင်စရာတွေရှိသေးလို့ အချိန်က သိပ်မရဘူး"

လုံးစေ့ပတ်စေ့ကား ကျွန်တော် မမှတ်မိတော့။ တတ်သလောက်၊

mgyoe.com

mgyoe.com


မှတ်သလောက်တော့ အတော် စုံအောင်ပြောပြီးနောက် ငယ်သူငယ်ချင်းများနှင့် တစ်ညလုံး အချိန်ဖြုန်းကာ လင်းအားကြီးရထားနှင့် ပြန်ခဲ့သည်။ တင်မောင်၏ အဖေနှင့်အမေသည် အတော်ကလေး စဉ်းစဉ်းစားစားနှင့် ကျန်ရစ်ကြသည်။ သူ့နှမများကိုလည်း ချော့မော့ ဖျောင်းဖျခဲ့ရသေးသည်။

ဩော်...လူဆိုသည်မှာ ကိုယ့်အရေးချည်းသာ ဆောင်ရွက်ကြရသူတွေ မဟုတ်ပါတကား။

## [ ၅ ]

သူငယ်ချင်း...

*ကျေးဇူးများစွာနှင့် စာရေးလိုက်ပါတယ်။ မင်းကောင်းမှုကြောင့် တစ်ပတ်လောက်အကြာမှာ ငါ ငွေရခဲ့ပါတယ်။ ဒါအတွက် မင်းကို ကျေးဇူးတင်လို့ မဆုံးပါဘူး။ ဒါပေမဲ့ အဲဒီကျေးဇူးကို အသားထားပြီး ပြောစရာရှိတာတွေ ရေးပြရဦးမယ်။ မင်းမသိသေးတဲ့ ငါ့အဖြစ်မှန်တွေပေါ့။*

*ဒီလိုကွ...ဒီလို။ မခင်ကြည်ကိုယူတဲ့အတွက် လူတွေက ငါ့ကို 'နွား'လို့ ဆိုခဲ့ကြတယ်။ ဒီအထဲ မင်းလည်း ပါမှာပါပဲ။ ဒါကို ငါ စိတ်မဆိုးပါဘူး။ အပြစ်လည်း မတင်ပါဘူး။ လောကသဘာဝ ဒီလိုပဲ ပြောကြတာပါပဲ။ မှန်သင့်သလောက်တော့လည်း မှန်ပေတာကိုး။ သို့ပေမဲ့ ငါဟာ နွားစစ်စစ်တော့ ဖြစ်မသွားပါဘူး သူငယ်ချင်း။ ငါ ဖွင့်ပြောပါ့မယ်။*

*မခင်ကြည်ကို ငါချစ်တာဟာ အမှန်ပါပဲ။ ဒါပေမဲ့ သနားတယ်ဆိုတာက ပိုပြီး မှန်ပါတယ်။ ကိုသန်းမောင်ကြီးနဲ့ ငါဟာ အတော်ကလေး ခင်ခဲ့တော့ သူတို့အကြောင်း ငါပိုပြီး သိခဲ့ပါတယ်။ မင်းသိတဲ့အတိုင်း လခစားဆိုတာ ဟန်သာရှိပြီး အဆန်ရှိတာ မဟုတ်ဘူး။ သည်တော့ ကိုသန်းမောင်ကြီး အသေမှာ မခင်ကြည်ဟာ သိပ်သနားစရာ ကောင်းသွားရှာတယ်။ ကွာ...တိုတိုပြောရရင် အဲဒီသနားခြင်းက စလိုက်တယ် ပဲဆိုပါတော့။ ငါ့ အနာဂတ်အတွက် အနစ်နာခံပြီး သူ့ကို*

mgyoe.com

mgyoe.com

ငါယူလိုက်တယ်။ ချစ်လည်း ချစ်ပါတယ်။ မက်စရာလည်း ကောင်းပါတယ်။ အအိုပေမဲ့ အပျိုမသာပါဘူး။ ဒါကတော့ လိုင်သဘောအရ ပြောတာပါ။ အဲ...သူ့သမီးကလေးဆိုရင် လည်း မင်းမြင်တဲ့အတိုင်းပါပဲ။ ကိုသန်းမောင်ကြီး ရှိကတည်းက ငါ ချီပိုးလာတဲ့ ကလေးဆိုတော့ သမီးကလေးအရင်းလိုပါပဲ။ ဒါကြောင့် သမီးရော၊ အမေရော ငါ့မှာပါတဲ့ငွေနဲ့ အကုန် ဆင်ပေးပါတယ်။ မင်းလာတုန်းက မြင်မှာပေါ့။ အဲဒါတွေ ဟာ ရွှေအစစ်တွေပါ။ ဟိုတုန်းက သူဝတ်ခဲ့ရတဲ့ ဦးဘိုးချမ်း တွေ မဟုတ်ဘူး။ ဒီလောက် ငါမြတ်နိုးခဲ့ပါတယ်။

ဒါပေမဲ့ သူငယ်ချင်းရေ...ရွှေရည်စိမ်ထားတဲ့ ဦးဘိုးချမ်း ဟာ အချိန်ကြာလာတော့ ဓာတိပြလာသလိုပဲ။ မခင်ကြည် ဟာလည်း ဓာတိပြလာတယ်။ ငါ့မှာပါလာတာတွေလည်းချော၊ အဖေတို့ အမေတို့ဆီ ပြန်ကပ်ရဖို့ မျှော်လင့်ချက်လည်း နည်း ပါးလာတော့ လားလား မရွှေချောက ငါ့ကို ကန်လာတယ်။ ပထမ ဆူလာတယ်၊ နောက် ဆောင့်လာတယ်၊ နောက် မာကျောလာတယ်။ ကွာ...လူပါးဝလာတယ် ဆိုပါစို့။

မင်း မှတ်မိဦးမယ်။ မင်းလာတုန်းက ငါ့အကြောင်း သူပြောတာလေ။ လခစားတော့လည်း ဝင်ငွေနည်းလို့ သူ မလုပ်ချင်ပြန်ဘူးဆိုတာ။ အဲ...အဲဒါကတော့ အမှန်ပဲကွ။ ငါက ကုန်သည်ပဲလုပ်ချင်တယ်။ ဒါကြောင့် အဖေတို့ဆီက ရနိုး ရနိုးနဲ့ စောင့်ရင်း အချိန်တွေကုန်ခဲ့တယ်။ ဘာမှ အလုပ်မဖြစ် ခဲ့ဘူး။ အဲ...နောက်ဆုံး မျှော်လင့်ချက်ကုန်ဆုံးတော့ သူ့လက် ဝတ်လက်စားတွေ ထုခွဲပြီး ရင်းနှီးဖို့ ငါကပြောတယ်။ ဟဲ...ဟဲ ရယ်တော့ ရယ်စရာအကောင်းသားကွာ။ သူက ဘာပြောသလဲ သိလား။ "ဒါတော့ မထိနဲ့ရှင်ရေ့"တဲ့။ "ကိုယ့်ငွေ ကိုယ်ရအောင် ရှာ၊ မရရင် မိခင်ကြည်နဲ့ ဝေးဖို့သာပြင်တော့"တဲ့။

ကဲ...ဘယ်လောက် ဝမ်းသာစရာကောင်းလိုက်သလဲ သူငယ်ချင်း။ ဒါ ငါ နောက်ပြောတာ မဟုတ်ဘူးနော်။ ပြောင်း

mgyoe.com

mgyoe.com

ပြန်ပြောတာ မဟုတ်ဘူး။ တကယ့် ဝမ်းသာစရာစကားမို့ ဝမ်းသာစရာလို့ ပြောလိုက်တာ။ ဟဲ…ဟဲ မင်းကို ငါရှင်းပြမယ်"

မင်း စဉ်းစားကြည့်စမ်း။ ငါဟာ လူကို လူလို ကိုယ်ချင်းစာပြီး ငါ့ဘဝကို အနစ်နာခံခဲ့တယ်။ ဒီလိုခံခဲ့တာဟာ အသားလွတ်တော့ မဟုတ်ဘူး။ ငါ့ကို ငါလိုပဲ ချစ်တယ်ထင်လို့ အနစ်နာခံခဲ့တာဖြစ်တယ်။ မင်းတို့ ပြောကြ၊ ရေးကြတယ်မဟုတ်လား။ အချစ်ဆိုတာ ရယူခြင်းမဟုတ်၊ ပေးအပ်ရခြင်းဖြစ်တယ်လို့။ အဲ…ဒီတော့ နှစ်ယောက်လုံးဟာ တစ်ယောက်က တစ်ယောက်ကို ပေးအပ်ကြမှ အချစ်ဆိုတာ ပြည့်စုံမယ်။ ဒီလိုမဟုတ်လား။ ဟော…ခုတော့ ငါက ပေးအပ်ပြီး သူက မပေးအပ်ပါကလား။ ရယူခြင်းသာပါကလား။ ဒီတော့ ဒါဟာ အချစ်မဟုတ်တော့၊ အချစ်မဟုတ်ရင် ဆက်ပြီး မပေါင်းအပ်တော့၊ တန်ဖိုးမရှိတော့၊ အဓိပ္ပာယ်မရှိတော့ဆိုတာ ငါသိလာရတယ်။ ငါကံလည်း ကောင်းတယ်ထင်ပါရဲ့။ အချိန်မလွန်ခင် သိလာရတယ်။ တကယ်လို့များ ကလေး တစ်ယောက်ယောက် မွေးဖွားပြီးမှ သိရရင် အခက်။ ဒါကြောင့် ဦးဘိုးချမ်းမှန်း ငါ စောစောသိရတာကို ဝမ်းသာစရာလို့ ဆိုလိုက်ခြင်းဖြစ်တယ်။

ဒါပေမဲ့ သူငယ်ချင်းရေ့…တစ်ဖက်က ဝမ်းသာပေမဲ့ တစ်ဖက်မှာတော့ ငါဟာ နာကြည်းလာတယ်။ ငါ သူ့ကို သိပ်နာကြည်းလာတယ်။ မင်း စဉ်းစားကြည့်စမ်းကွာ။ လူတွေ ပြောပြောနေကြတဲ့ ချစ်ခြင်းမေတ္တာတို့ သစ္စာတရားတို့ဆိုတာတွေ ဘယ်မှာလဲဟင်။ ဘယ်မှာလဲ။ ငါက မေတ္တာအစစ် သစ္စာအနစ်တွေနဲ့ ချစ်ခဲ့တာတွေဟာ ဘယ်ရောက်ကုန်ပလဲ။ ငါ့အချစ်တွေဟာ ဘာတန်ဖိုးရှိတော့သလဲ။ ငါဟာ အရုပ်ဆိုးသူလည်း မဟုတ်ဘူး။ ကလေကချေလည်း မဟုတ်ဘူး။ အရက်သမား ဖဲသမားလည်း မဟုတ်ဘူး။ ပညာမဲ့လည်း မဟုတ်ဘူး။

mgyoe.com

mgyoe.com


လူဆိုးလူယုတ်လည်း မဟုတ်ဘူး။ ပြီးတော့ ငါ့မိဘတွေ၊ ဆွေမျိုးတွေကိုတောင် အိုးမည်းသုတ်ပြီး သူ့ကိုချစ်ခဲ့တဲ့သူပါ။ အဲ...ဒီလောက်ကြီးမားတဲ့ ငါ့မေတ္တာကို အလွဲသုံးစား ပြုလိုက်တာကိုတော့ ငါမခံနိုင်ဘူး။ အချစ်ကြီးရင် ကြီးသလောက် အမျက်ကြီးတယ်ဆိုတဲ့ စကားဟာ သိပ်မှန်တယ်။ ငါ သူ့အပေါ်မှာ အမျက်ကြီးလာတယ်။ စိတ်သိပ်နာလာတယ်။ စိတ်နာလာတော့ ဘာဖြစ်သလဲ သိလား။ စိတ်ဟာ ရိုင်းလာတယ်၊ မိုက်လာတယ်။ အဲ...ငါ့စိတ်ဟာ အဲဒီလို ဖြစ်လာတယ်။ သူ့ကို ငါ လက်စားချေချင်လာတယ်။ လှလှပပကလေး သူ့ကို လက်စားချေချင်လာတယ်။ ဒီတော့ ငါဘာလုပ်သလဲ။ အကြံထုတ်တာပေါ့။

ကံအားလျော်စွာပဲ အကြံယူနေတုန်းမှာပဲ မခင်ကြည်ဟာ အိပ်ရာထဲ ဆယ်ရက်လောက် လဲသွားတယ်။ လဲသွားတော့ သူ့တူမပျိုကလေးတစ်ယောက် ညအိပ်ညနေ လာပြီးပြုစုရတယ်။ အဲဒီမှာ အကြံသမားငါနဲ့ မှောက်မှားတာပါပဲ။ ငါ့အကြောင်းလည်း မင်းအသိသား မဟုတ်လား။ ငါက ရဲချင်ရင် သိပ်ရဲတာ။ ကောင်မလေးကလည်း ရူးရူးမိုက်မိုက်ဆိုတော့ ငါ့ပိုက်ထဲကို တိုးဝင်တော့တာပဲ။ ဒါဟာ မိခင်ကြည်အဖို့ ကံဆိုးခြင်းရဲ့ အစဆိုပါတော့။ ငါ သူ့ကို လှလှပပကလေး လက်စားချေရတော့မယ်။ ရိုင်းလိုက်တဲ့အကြံလို့ တစ်လောကလုံးက ဆိုချင်လည်း ဆိုကြပေတော့။

ကဲ...ပထမအဆင့်တော့ အောင်ပြီ။ ဒုတိယအဆင့်က ကျန်သေးတယ်။ ဘာလဲဆိုတော့ ငွေရဖို့ပေါ့။ ငွေရဖို့ အရေးကြီးလာတယ်။ ထောင်ကိုးရာလောက်နဲ့လည်း မဖြစ်ဘူး။ သောင်းကိုးထောင်လောက်ရမှ ဖြစ်မယ်။ ဒါမှလည်း ဝေးရာပြေးပြီး ဘဝသစ်ထူထောင်နိုင်မယ် မဟုတ်လား။ အဲ... ဒီလောက်များတဲ့ ငွေကိုလည်း အဖေတို့ဆီကလွဲပြီး ဘယ်ကမှ မရနိုင်ဘူး။ ဒီတော့ မင်းကို သတိရပြီး မင်းဆီကို ငါပြေးလာ

mgyoe.com

mgyoe.com


ခဲ့ရတယ်။ မင်းကို ငါလာပြီး လိမ်ခဲ့ရတယ်။ ငါ တောင်းပန် ပါတယ် သူငယ်ချင်း။ မင်း ငါ့ကို ခွင့်လွှတ်ပါ။ ငါ့အကြံ ပျက်သွားမှာ၊ မင်းဖျက်မှာစိုးလွန်းလို့ ငါလိမ်ရတာပါ။ အဲ... မင်းရဲ့ကျေးဇူးကြောင့်လည်း အဖေတို့က မင်းပြန်သွားပြီး တစ်ပတ်လောက်အကြာမှာ ငါ့ကိုခေါ်တယ်။ စာချုပ်စာတမ်းနဲ့ အပြီးအပြတ်ဆိုပြီး ငွေ သောင်းငါးထောင်ပေးတယ်။ အဖေ ရော၊ အမေရော၊ နှမတွေရော ငိုလိုက်ကြတာ မပြောနဲ့တော့။ ငါလည်း ငိုတာပဲ။ ဒါနဲ့ ကြာရင်ခက်ရချေရဲ့ဆိုပြီး အဖေတို့ အမေတို့ကို ကန်တော့၊ နှမတွေကို ချော့မော့ပြီး မြန်မြန်ပဲ ပြန်ခဲ့ရတယ်။ အရက်ကိုလည်း မသောက်စဖူး မူးအောင် သောက်ပစ်လိုက်မိတယ်။ အဲဒီညက အိမ်လည်းမပြန်ဘူး။ တွေတ်တို့အိမ်မှာ သွားအိပ်တယ်။ တွေတ်ကို သစ္စာရေတိုက်ပြီး ငါ့အကြံကို ထုတ်ပြောတယ်။ အကူအညီတောင်းတယ်။ သည် တော့ သူက "စိမ်လိုက်...မင်းကို ငါ့ကားနဲ့ ရှမ်းပြည်ရောက် အောင် လိုက်ပို့မယ်"ဆိုပြီး ကတိပေးတယ်။

ကဲ...တိုတိုပဲ ရေးပါရစေတော့ သူငယ်ချင်း။ နောက် တစ်နေ့မှာ စီစဉ်စရာရှိတာတွေ စီစဉ်တယ်။ ကောင်မလေးကို လည်း "ဒီည ပြေးမယ်၊ အသင့်လုပ်ထား"ဆိုပြီး နေရာနဲ့အချိန် ကိုပါ အချိန်းအချက် ပေးလိုက်တယ်။ သာစည်က အသိ တစ်ယောက်ဆီလည်း ကြေးနန်းရိုက်လိုက်တယ်။ အဲ...ညကျ တော့ အရက်မူးရုံလောက် သောက်ပြီး မိခင်ကြည်ရှေ့မှောက် ဝင်တော့တာပါပဲ။

ရယ်တော့ ရယ်စရာ အကောင်းသား သူငယ်ချင်းရေ။ မိခင်ကြည်ဟာ ငါပေးထားတဲ့ နှပ်ကြောင်းအတိုင်း ချိုးတော့ တာပါပဲ။ ဒေါသအမျက် ခြောင်းခြောင်းထွက်ပြီး ရန်တွေ့လိုက် တာဟာ မပြောနဲ့တော့။ အမျိုးကို စုံသွားတာပဲ။ ငါတောင် မမှတ်မိတော့ဘူး။ အဲ...အဲ အတိုချုပ်ကတော့ "ရှင့်ကို ဆက် မပေါင်းနိုင်တော့ဘူး၊ ရှင်ကြွပါတော့"ပေါ့။ ဒီတော့ ငါကလည်း

mgyoe.com

"အိုကော၊ မင်းက ငါ့ကို လက်မခံတော့ရင် ဇရပ်ကလက်ခံမှာပေါ့"ဆိုပြီး အဝတ်အစားတွေယူ ဆင်းခဲ့တာပေါ့။ ပြီးတော့ လမ်းထောင့်မှာ အသင့်စောင့်နေတဲ့ တွေတ်ကားပေါ်တက်၊ ကောင်မလေးကို သွားခိုး၊ တစ်ချိုးတည်း လစ်ခဲ့တော့တာပါပဲ။

ဒါပဲ သူငယ်ချင်း။ ပြန်လည် စဉ်းစားကြည့်တော့ ဘယ်သူမပြု မိမိမှုပါပဲ။ ငါ စိတ်မကောင်းပါဘူး။ မိခင်ကြီး အလုံးဆို့ ကျန်ရစ်မှာကိုတွေးပြီး ဝမ်းအသာကြီးသာခဲ့ချင်ပေမဲ့ တကယ်ကျတော့လည်း ငါဝမ်းမသာနိုင်ခဲ့ပါဘူး။ ဒီအထဲ ကောင်မလေးကိုလည်း ငါ အလွန်သနားမိပါတယ်။ သူ့ခမျာ သက်သက် ဓားစာခံရတာပါ။ အပြစ်ကင်းရှာသူကလေးပါ။ ဒါကြောင့် သေတစ်ပန် သက်တဆုံး သူကလေးနဲ့ပဲ ပေါင်းသင်းသွားဖို့ ငါဆုံးဖြတ်ထားပါတယ်။ လူ့ဘဝဇာတ်ခုံဟာ တယ်လည်း ရှုပ်ထွေးပါကလား သူငယ်ချင်း။ ငါလည်း ငါ့အပြစ်ကို ငါတောင် နားမလည်နိုင်ဘူး။ ငါဟာ လူဆိုးမဟုတ်ပါဘူး။ လူကောင်းတစ်ယောက်ပါ။ ဒါပေမဲ့ လူဆိုတာ ကိုယ်ကကောင်းတိုင်းလည်း သူက မကောင်းတတ်ပါကလား သူငယ်ချင်း။ ကိုယ်က မကောင်းပေမဲ့လည်း သူက ကောင်းချင်ကောင်းတတ်ပါကလား။ အဲ...ပြီးတော့ ကိုယ်ကကောင်းပြီး သူက မကောင်းတော့ ဒေါသတွေ၊ မောဟတွေ တက်လာပြီး ကိုယ့်အကောင်းကလေးတွေပါ ပျက်စီးခဲ့သလိုပေါ့။

ကဲ...သူငယ်ချင်း။ သည်မျှနဲ့ပဲ အဆုံးသတ်လိုက်ပါရစေတော့။ ငါ့အကြောင်းလည်း နောင် အခါသင့်ခဲ့လို့ ဝတ္ထုလေးဘာလေး ရေးချင်လည်း ရေးပေါ့။ သင်ခန်းစာကတော့ ငါ့လို လူကိုမလေ့လာဘဲ မမိုက်မိဖို့ပေါ့။ ဒါပါပဲ သူငယ်ချင်း။ ငါ ရှမ်းပြည်ကို ခရီးဆက်ရဦးမယ်ကွ။

အလွန်ကျေးဇူးတင်စွာဖြင့်–
**တင်မောင်**
[ခေတ္တ–သာစည်]

mgyoe.com

mgyoe.com


လသည် သာမြဲသာနေ၍ ညကလည်း လှမြဲ လှနေသည်။ တစ်ဖက်အိမ်မှ စကားသံများလည်း ဆိတ်သွားချေပြီ။ ဆေးတံအိုးမှ မီးလည်း သေလေပြီ။ ကျွန်တော်သည် တင်မောင်၏ လက်ရေးစာလုံးကလေးများကို ပြန်မြင်နေမိလေသည်။

"သူက မကောင်းတော့ ကိုယ့်မှာရှိတဲ့ အကောင်းကလေးတွေပါ ပျက်စီးတတ်ပါကလား သူငယ်ချင်း"

■

mgyoe.com

mgyoe.com

သမီးလေး ဖြူဖြူ



mgyoe.com

mgyoe.com

[ ၁ ]

သည်ကနေ့ ကျွန်မ ငိုချင်နေတယ်ရှင့်၊ သိပ်ငိုချင်နေတယ်။

လူဆိုတာက ရယ်တတ်၊ ငိုတတ်တဲ့သတ္တဝါ မဟုတ်လား။ သည်တော့ ရယ်စရာတွေ့ရင် ရယ်ချင်တာပေါ့။ ငိုစရာတွေ့ရင် ငိုချင်တာပေါ့။ သို့ပေမဲ့ ကျွန်မရဲ့ 'မောင်'ကတော့ လူတစ်မျိုးရှင့်။ ရယ်စရာတွေ့လို့ ရယ်တာကို လိုလိုလားလား အားပေးပေမဲ့ ငိုစရာတွေ့လို့ ငိုတာကိုတော့ သူက မကြိုက်ဘူးရှင့်။ လောကကြီးမှာ တတ်နိုင်သလောက် ရယ်ရယ်မောမော ပျော်ပျော်ပါးပါး နေသွားချင်သတဲ့။ ငိုတယ်ဆိုတာ အဓိပ္ပာယ်မရှိပါဘူးတဲ့။ ငိုလို့ ဘာအကျိုးထူးမှာလဲတဲ့။

ဒါကတော့ သူ့မနောပေါ့ရှင်။ ဒါပေမဲ့ ကျွန်မကတော့ သူနဲ့ မတူဘူးရှင့်။ သူဟာ ကျွန်မရဲ့ခင်ပွန်းမို့ သူ့ကို ကျွန်မ ချစ်လည်းချစ်ပါရဲ့။ ပြတ်လည်း မြတ်နိုးပါရဲ့။ ယုလည်း ယုယပါရဲ့။ သို့ပေမဲ့ ကျွန်မက သူမသိအောင် ပူတတ် ပင်တတ်တယ်ရှင်။ အသက် သုံးဆယ်တောင်ကျော်စ ပြုပေမယ့် ကျွန်မက မိန်းမသားမဟုတ်လား။ ပူစရာတွေ့ရင် ပူချင်တာပေါ့။ ငိုစရာတွေ့ရင် ငိုချင်တာပေါ့။

ဟော...အခု ကျွန်မလက်ထဲမှာ စာရွက်ကလေး သုံးရွက် ရှိနေတယ်ရှင့်။ အပြာနုကလေးကတစ်ရွက်၊ အဝါနုကလေးက တစ်ရွက်၊ အစိမ်းနုကလေးတစ်ရွက်၊ လှလိုက်၊ ကျက်သရေရှိလိုက်တဲ့ စာရွက်ကလေးတွေရှင့်။ အဲဒီစာရွက်ကလေးတွေပေါ်က လက်ရေးစာလုံးကလေးတွေကလည်း

mgyoe.com

တစ်ခုနဲ့တစ်ခု မတူကြပေမယ့် လှလိုက်တာကလေးတွေ မပြောပါနဲ့တော့။ ဒါတင်လားဆိုတော့ ဘယ်ဟုတ်ဦးမတုန်း၊ ဖွဲ့ဟန်ရေးဟန်ကလေးတွေကလည်း အလွန်ချစ်စရာကောင်းကြသပေါ့။ နားထောင်ကြည့်ဦးပါဦး။ ချစ်သောဖြူဖြူ လှမဉ္ဇူသို့တဲ့။ ရွှေရင်သိမ်းသစ် ရှင်နှောင်းချစ်သို့တဲ့။ နောက်တစ်စောင်ကတော့ ရိုးရိုးကလေး ချစ်သော ဖြူဖြူရယ်တဲ့။

ဒါလောက်ဆို ဘာစာတွေလဲရယ်လို့ ရိပ်မိကြရောပေါ့ရှင်။ မေတ္တာစာတွေ၊ ချစ်စာလွှာတွေပေါ့။ အဲ...အဲ ဒါပေမဲ့ ကျွန်မကို ပေးကြတဲ့စာတွေရယ်လို့တော့ မထင်လိုက်ကြပါနဲ့။ ကျွန်မ သမီးကလေးကို အသက်စစ်လိုက်မှ တစ်ဆယ့်နှစ်နှစ်သာရှိသေးတဲ့ ကျွန်မရဲ့ တစ်ဦးတည်းသော သမီးကလေး 'ဖြူဖြူ'ကို ပေးလိုက်ကြတဲ့ မေတ္တာစာတွေပါရှင်။ ဒါ့ကြောင့် ကျွန်မငိုချင်နေတာပေါ့။ သိပ်ပြီး ငိုချင်နေတာပေါ့။

ကြည့်ကြစမ်းပါဦးရှင်။ ဆယ့်နှစ်နှစ် သမီးကလေးကို ရည်းစားစာပေးကြတယ်တဲ့။ အလိုလေးလေး တိုးတက်တဲ့ခေတ်ဆိုတာ ဒါများလားရှင်။ သည်လိုဆိုရင် ခက်ရချည့်ရဲ့။ ကျွန်မသမီးကလေးဟာ နို့အတ်စော်တောင်မှ မပျောက်သေးပါကလား။ အလယ်တန်းတောင်မှ မအောင်သေးပါကလား။ အပျိုတော်တောင်မှ မဝင်သေးပါကလားရှင်။ ခက်ရချည်ရဲ့...ခက်ရချည်ရဲ့။

ဒါပေမဲ့ ကျွန်မ မငိုနိုင်သေးပါဘူးရှင်။ ငိုချင်တာ မှန်ပေမယ့် ကျွန်မ မငိုလိုက်သေးပါဘူး။ အမှန်တော့လည်း ငိုလောက်တဲ့အခြေကို မရောက်သေးဘူး။ မဟုတ်လား။ ငိုလောက်တဲ့ အခြေရောက်မှသာ ငိုဖို့ကောင်းတာပေါ့။ ရည်းစားစာ အပေးခံရရုံလောက်နဲ့တော့ ကျွန်မ သမီးကလေး ဘာမှ မဖြစ်နိုင်သေးပါဘူး။ အဲ...ရှေ့တစ်ဆင့်တက်မှာကိုတော့ စိုးရိမ်ရသပေါ့။ ဒါ့ကြောင့် ကျွန်မ စဉ်းစားနေရတယ်လေ။ သည်စာတွေကို မောင့်ကို ပြရကောင်းမလားလို့ စဉ်းစားနေမိတယ်ရှင့်။

စဉ်းစားရတယ်ဆိုတာက သည်လိုပါရှင်။ မောင်က လူတစ်မျိုးရှင့်။ မောင်က စိတ်ညစ်ချင်တတ်တဲ့သူ မဟုတ်ဘူး။ ရှိတာ မရှိတာ၊ ဆင်းရဲတာ ချမ်းသာတာ ပဓာနမဟုတ်ဘူး။ စိတ်ချမ်းသာဖို့သာ အရေးကြီးတယ်တဲ့။ ဒါ့ကြောင့် ကျွန်မကိုလည်း ဘယ်တော့မှ စိတ်မချမ်းသာစရာအကြောင်းတွေကို မတွေးပါနဲ့တဲ့။ ပြောလည်း မပြောပါနဲ့တဲ့။ သည်တော့ သူ့ကို ကျွန်မ

mgyoe.com


ဘယ်လို ပြောရပါ့မလဲရှင်။ ပြောလိုက်ရင် သူ ဘယ်လိုဖြစ်သွားရှာမလဲ။ သူက သူ့သမီးကလေးကို သိပ်ချစ်တယ် မဟုတ်လား။ သူ အင်မတန် စိတ်မချမ်းမသာ ဖြစ်သွားရှာမယ် မဟုတ်လား။ သူ စိတ်ဆင်းရဲသွား တော့ ကျွန်မလည်း ပိုပြီး စိတ်ဆင်းရဲရဦးမယ် မဟုတ်လား။ မိဘနှစ်ပါး စိတ်ဆင်းရဲတော့ သမီးလေးလည်း သိပ်စိတ်ညစ်သွားရှာမှာပေါ့။ သည်တော့ ကျွန်မတို့ရဲ့ သုခဘုံကလေးဟာ ပျက်စီး ပျောက်ကွယ်သွားတော့မှာပေါ့။

ဟုတ်ပါတယ်ရှင်။ ကျွန်မတို့ အိမ်ကလေးဟာ တကယ်တော့ သုခဘုံကလေးပါ။ ကျွန်မတို့ဟာ ပစ္စည်းဥစ္စာ မကြွယ်ဝကြပါဘူး။ နေရာတကာမှာ စိတ်တူ သဘောတူလည်း မရှိကြပါဘူး။ သို့ပေမဲ့ သုခဘုံကလေးဖြစ်အောင်တော့ ကျွန်မတို့ ဖန်တီးထားကြပါတယ်။ ကျွန်မတို့ရဲ့ နှစ်ဖက်သော မိဘဆွေမျိုးတွေဟာ မချမ်းသာကြပေမယ့် ကျွန်မခင်ပွန်းရဲ့ ရာထူးဟာ ကြီးကြီးမားမားမဟုတ်တဲ့အတွက် လစာငွေ များများစားစား မရပေမယ့် ကျွန်မတို့ရဲ့ အခြေအနေဟာ မနိမ့်ကျပါဘူး။ နှစ်ထပ်အိမ်ကလေးတစ်လုံး အပိုင်ရှိပါတယ်။ အိမ်ထောင် ပရိဘောဂလည်း အပြည့်အစုံရှိပါတယ်။ ရေဒီယိုတို့၊ ဓာတ်မီးပူတို့၊ စားပွဲတင်ပန်ကာတို့ ဆိုတာတွေလည်း ရှိပါတယ်။ သားသမီးဆိုလို့လည်း သမီးကလေး ဖြူဖြူတစ်ယောက်ပဲ ရှိပါသေးတယ်။ ဒါတွေက ရုပ်ပိုင်းအနေနဲ့ ဆိုပါတော့။

စိတ်ပိုင်း အခြေအနေကတော့ ရုပ်ပိုင်းနဲ့ မတူဘူးရှင့်။ လူချင်းတူပေမယ့် အသက်ရှူပုံက ကွဲကြတယ် မဟုတ်လား။

ဥပမာဆိုပါတော့။ ကျွန်မက အိမ်မှာမနေချင်ဘူးလေ။ ပညာကလည်း တက္ကသိုလ်ဝင်အဆင့် အောင်ထားတော့ အများနည်းတူ အလုပ်ထွက်လုပ်ချင်တာပေါ့။ နေ့တိုင်း လှလှကလေးဝတ်စားပြီး ကြော့ကြော့ကလေး သွားလာချင်တာပေါ့။ ဒါပေမဲ့ မောင်က သဘောမတူဘူးရှင့်။ မိန်းမ ဟာ မိန်းမဝတ္တရားပဲ ထမ်းဆောင်ရမယ်တဲ့။ ကျွန်မကို လူတန်းစေ့ထားနိုင်ဖို့က သူ့တာဝန်တဲ့။ ဟုတ်တော့လည်း ဟုတ်ပါတယ်ရှင်။ မောင်ဟာ လင်ကောင်းပီသစွာ ကျွန်မကို ယုယရှာပါတယ်။ ချစ်လည်း ချစ်ရှာပါတယ်။ ကျွန်မ အိမ်မှာမပျင်းရအောင်ဆိုပြီး လစဉ်လတိုင်း စာအုပ်မျိုးစုံ ဝယ်ပေးပါတယ်။ ငွေပိုငွေလျှံမရှိပေမယ့် အစိုးရက တိတ်ရကော်တာတွေ အရစ်ကျ

mgyoe.com

mgyoe.com


စနစ်နဲ့ ရောင်းစဉ်က ရှစ်ရာကျော်တန် ရကော်တာတစ်လုံးကိုတောင် ဝယ်ပေးပါတယ်။ အဝတ်တို့ အစားတို့လည်း မညှိုးစေရပါဘူး။ သမီးကလေးကို ချစ်လိုက်တာလည်း တုန်လို့ပါ။ ကလေးကစားစရာအရုပ်တွေဆိုတာ မှန်ဗီရိုတစ်လုံးအပြည့်ပါပဲ။ သူ့အတွက်ကျတော့ အဝတ်တောင် ကျွန်မက ဝယ်ပေးမှ ဝတ်ပါတယ်ရှင်။ အသောက်အစားဆိုတာ လုံးဝ မရှိပါဘူး။ ဆေးလိပ်တောင် မသောက်တတ်ပါဘူး။ ရုပ်ရှင်တောင် တစ်ခါတလေမှ ကြည့်ပါတယ်။ သူ့ဝါသနာက စာဖတ်တာနဲ့ တင်းနစ်ကစားတာပဲ ရှိပါတယ်။ သူ့ကျန်းမာရေးကို သူ အလွန်ဂရုစိုက်ပါတယ်။ ဒါကြောင့် မောင်ဟာ အစဉ်ကျန်းမာပြီး အစဉ်နုပျိုနေတာပေါ့။ သည်တော့ ကျွန်မအနေနဲ့ သူ့အကြိုက်အတိုင်း အိမ်ရှင်မကြီး လုပ်နေရပြီး သူ့ကို ချစ်နေရတာပေါ့ရှင်။

နောက်တစ်ခု စိတ်သဘောချင်း၊ ဆန္ဒချင်းမတူတာလည်း ရှိသေးတယ်ရှင့်။ အဲဒါကတော့ ရင်သွေးကိစ္စပေါ့။ ကျွန်မက သားဦးကို လိုချင်တယ်လေ။ ကျွန်မက အင်မတန် ပူတတ်ပင်တတ်တယ် မဟုတ်လား။ သမီးတစ်ကောင် နွားတစ်ထောင်တဲ့ သမီးမိန်းကလေးကို ထိန်းကျောင်းရမှာ ကျွန်မ သိပ်ကြောက်တာပဲ။ ခေတ်ကလည်း ဆရာမနိုင်၊ မိဘမနိုင်ခေတ်မဟုတ်လား။ ဒါကြောင့် ကျွန်မက သားဦးကလေးပဲ လိုချင်တယ်။ သားဆိုတော့ ဘယ်လောက်ပဲဆိုးဆိုး၊ မိဘအနေနဲ့ အရှက်ကွဲစရာမရှိဘူး။ ပြီးတော့ သားဦးကလေးရပြီးမှ သမီးကလေးမွေးလာခဲ့ရင်လည်း သူ့အပေါ်မှာ အစ်ကိုကြီးတစ်ယောက် အအုပ်အထိန်းရှိနေမှာမို့ ကျွန်မအဖို့ အပူရအပင်ရ သက်သာမှာပေါ့ မဟုတ်ဘူးလား"

ဒါပေမဲ့ရှင်၊ မောင်က ခေါင်းခါတယ်ရှင့်။ တွေးကြောက်စတမ်းသာဆိုရင် လောကမှာ နေစရာတောင်မရှိဘူးတဲ့။ သမီးဦးကလေးမွေးမှ ကျွန်မအဖို့ ကူဖော်လောင်ဖက် ရမှာပေါ့တဲ့။ ယောကျ်ားကလေးဆိုရင် ပိုပြီး ဆိုးတတ်လို့ ပိုပြီး စိတ်ညစ်ရမှာပေါ့တဲ့။ ဒါကြောင့် သူကတော့ သမီးဦးကလေးပဲ လိုချင်တယ်တဲ့။ ကျွန်မရဲ့ ဆန္ဒနဲ့တော့ ဖြောင့်ဖြောင့်ကြီးကို ဆန့်ကျင်နေတာပါပဲ။ အဲ...မွေးလာတော့လည်း ကျွန်မဆန္ဒနဲ့ ဆန့်ကျင်ဘက်ပါပဲ။ သမီးကလေးရှင့်။ ကျွန်မကို ဒုက္ခပေးမယ့် သမီးဆိုးကလေးပေါ့။

တကယ်ပါပဲ၊ ဖြူဖြူဟာ တော်တော်ဆိုးပါတယ်ရှင်။ သူ့ဗီဇကပဲ

mgyoe.com

mgyoe.com

ဆိုးသလား၊ သူ့အဖေက အလိုလိုက်လွန်းလို့ပဲလား၊ ဒါမှမဟုတ် ကျွန်မကပဲ ညံ့လို့လားတော့ မသိပါဘူး။ ကျွန်မနဲ့ကို နည်းနည်းမှကို အဆင်မပြေဘူး ရှင့်။ ခြောက်လို့လည်း မကြောက်ပါဘူး။ ချော့လို့လည်း မပျော့ပါဘူး။ စကားပြောရင် ကြွပ်ဆတ်ဆတ်။ ပြောမရလို့ သူ့ကိုများ မာန်လိုက်ရင် စူလား စူရဲ့၊ ဆောင့်လား ဆောင့်ရဲ့။ အဲ...ဒေါသထွက်လို့ သူ့ထိပ်များခေါက်လိုက် မိရင်တော့ ကျွက်ကျွက်ဆူငိုပြီး သူ့အဖေရင်ခွင်ထဲ ပြေးဝင်ပြီး အလွမ်းသယ် လိုက်ပါလေရော။

အဲဒီလို အဖေ့ရင်ခွင်ထဲ ပြေးဝင်တော့ အဖေကချော့ပုံကိုလည်း နားထောင်ပါဦးရှင်။ 'ဟင်...သမီးကို မေမေက ခေါက်လိုက်တယ်လား... ဟုတ်လား၊ မှန်းစမ်း၊ တော်တော်များ နာသွားသလားသမီးရယ်။ အို...ဟုတ် ပါရဲ့၊ သမီးကလေး နဖူး ဖူးဖူးရောင်လို့ပါတကား။ တယ်ဆိုးတဲ့ မေမေ ပါကလားကွယ်၊ တိတ်...တိတ် ဖေဖေက ကြပ်ပူထိုးပေးမှာပေါ့၊ ပြီးတော့ သမီးကို ခေါက်လွှတ်တဲ့ မေမေ့ကို ဖေဖေက ရိုက်ပေးရဦးမှာပေါ့၊ ညကျမှ လေ ဖေဖေက ကြိမ်လုံးကြီးနဲ့ မင်းမေမေ ကြောက်ပါပြီရှင့်၊ ကြောက်ပါပြီ ရှင့်လို့ အော်ယူရအောင် ရိုက်ပြမယ်သိလား'ဆိုပြီး လက်ကိုင်ပဝါတစ်ထည်နဲ့ ကြပ်ပူထိုးပေးနေလေရဲ့ရှင်။ သည်တော့ ငိုနေတဲ့သမီးရော၊ ကျွန်မရော ငိုအား ထက် ရယ်အားသန်ကြရတော့တာပါပဲ။ မောင်ဟာ သည်လောက် ပျော်ပျော် နေချင်တဲ့လူရှင့်။ ဒါကြောင့် ခု ကျွန်မစဉ်းစားနေရတာပေါ့။ သည်စာတွေ ပြလိုက်ရင် သမီးကလေးကို အလွန်ချစ်ရှာတဲ့ အဖေဟာ ဘယ်လိုဖြစ်သွား ရှာမလဲ။ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်သွားလေမလား။ ဝမ်းနည်းပန်းနည်းနဲ့ မျက်ရည်လည်ရွှဲများ ဖြစ်သွားလေမလားရယ်လို့ပေါ့။

အမှန်ကတော့ ဒါမျိုးဟာ မဆန်းပါဘူးရှင်။ ကျွန်မ အစကတည်းက ကြိုတင်မြင်ခဲ့သားပဲ၊ သမီးမိန်းကလေးမွေးရင် တစ်နေ့နေ့တစ်ချိန်ချိန်မှာ ဒါမျိုး ကြုံရမှာမလွဲဘူးလို့။ ဒါကြောင့်လည်း ကျွန်မက သမီးဦး မလိုချင်ခဲ့ တာပေါ့။ ဟော...ခုတော့ သမီးဦး လိုချင်လှပါတယ်ဆိုတဲ့ ဆရာကြီး၊ အင်မတန် စိတ်ချမ်းချမ်းသာသာနေချင်ပါတယ်ဆိုတဲ့ ဆရာကြီး၊ စိတ်ညစ် ရတော့မယ်ရှင့်။ တကယ်ဆိုရင် အရွယ်ကလေးမြောက်လာလို့ ချစ်စိတ်၊ ကြိုက်စိတ်တွေ ဝင်လာတာဆိုရင် ဖြေသာပါသေးရဲ့။ ခုတော့ ခုတော့ နို့အတ်
mgyoe.com

mgyoe.com

စော်တောင်မှ မပျောက်သေး၊ အပျိုဖော်မှ မဝင်သေး။ အလိုလေးလေး.... ကျောချမ်းစရာကောင်းလိုက်ပါဘိရှင်။

ဟော...လေးနာရီတောင် ခွဲတော့မှာပါကလား။ မောင်ရောက်လာတော့မှာပါကလား။ နေဦး...နေဦး ရောက်ရောက်ချင်း ဆောက်နဲ့ထွင်းလို့တော့ မကောင်းဘူး။ သမီးကလေးကို ပထမ မေးမြန်းစစ်ဆေးဦးမှ။ မောင်က ရုံးကပြန်လာပြီး တင်းနစ်သွားကစားဦးမယ် မဟုတ်လား...ကစားပါစေဦး၊ သူသွားနေတုန်း သမီးကလေး ကျောင်းကပြန်ရောက်လာမယ်။ ရောက်တော့ သူ့ကို အရင်မေးရမယ်။ မေးပြီးမှ အခြေအနေကိုကြည့်ပြီး သူ့အဖေကို ပြောပြရမယ်။ ဟော...မောင်တောင်လာနေပါပကော။

## [ ၂ ]

လာပါပြီရှင်...ကျွန်မမျှော်နေတဲ့ သမီးကလေး ပြန်လာပါပြီ။ ကျောင်းထဘီ အစိမ်းကလေးနဲ့၊ အနားပြာ အင်္ကျီလက်ရှည်ကလေးနဲ့၊ ဆံတိုကုပ်ဝဲကလေးနဲ့ တက္ကသိုလ် အနှစ်ငါးဆယ်မြောက် အထိမ်းအမှတ် လွယ်အိတ်ကလေးကိုလွယ်လို့ ကျောင်းကားပေါ်က ဆင်းပြီး လာနေပြီရှင့်။

ချစ်စရာသမီးကလေး ဖြူဖြူဖွေးကို ကျွန်မ ငေးကြည့်နေမိတယ်ရှင်။ ကြည့်ရင်း မေးရမှာတောင် ဝန်လေးမိနေမိတယ်။ ဒါပေမဲ့ ဝန်လေးရင် ဝန်ပိတတ်တယ် မဟုတ်လား။ မေးမှ မေးမှ။ မီးဆိုတာ မလောင်ခင်က တားပါမှ။ မတားနိုင်ရင် မီးက ကိုယ့်ကိုလောင်မယ်။ လောင်ရင် ကျွန်မတို့ တည်ဆောက်ထားတဲ့ သုခဘုံကလေးဟာ ပျက်စီးသွားမှာပေါ့။ ဒါကြောင့်...

"ဖြူဖြူ လာဦး"လို့ အိမ်ပေါ်ရောက်ခါစ သမီးကလေးကို အသံမာမာနဲ့ ကျွန်မကခေါ်လိုက်တယ်။ သမီးလေးရဲ့ ခြေလှမ်းဟာ တုံ့သွားပါတယ်။ ကျွန်မမျက်နှာကို ဖျတ်ခနဲကြည့်ပြီး အံ့ဩသွားပုံလည်း ရပါတယ်။

"ဘာလုပ်မလို့လဲ မေမေ၊ လွယ်အိတ်တောင် မထားရသေးဘူး"တဲ့။ သူက ရပ်ပြီး ကျွန်မကို ပြန်မေးနေပါတယ်။

"ပြောစရာရှိလို့ပေါ့၊ သမီးကို ပြောစရာရှိနေလို့..."

"အို...ဘာများ အရေးကြီးနေလို့လဲ မေမေရဲ့၊ နေပါဦး၊ သမီး လွယ်အိတ်ထားပြီး အဝတ်လဲပါရစေဦး၊ ဒီအင်္ကျီထူထူကြီး ဝတ်ထားရတာ

mgyoe.com


ပူလွန်းအိုက်လွန်းလို့"

ထုံးစံအတိုင်းပါပဲ။ ကျွန်မ သူ့ကို ဘယ်တော့မှ မနိုင်ပါဘူးရှင်၊ ပြောပြောဆိုဆို အိမ်ပေါ်ထပ်ကို တက်သွားပါတယ်။ အတော်ကလေးကြာတော့မှ အင်္ကျီလက်ပြတ်ကလေးနဲ့ ပြန်ဆင်းလာပါတယ်။

"ကဲ...ဘာပြောမှာလဲ မေမေ"တဲ့။

ကျွန်မ ဘယ်ကစပြောရမယ်တောင် မသိတော့ပါဘူး၊ ကျွန်မလည် ချောင်းမှာ စကားလုံးတွေဟာ တစ်နေပါတယ်။ ဒါကြောင့် လက်ထဲမှာ ဝှက်ပြီးဆုပ်ထားတဲ့ စာခေါက်ကလေး သုံးစောင်ကို ရှေ့ကစားပွဲပေါ် အရင်ချလိုက်ရတယ်။ ပြီးမှ "အဲဒါတွေအကြောင်း မေးချင်လို့"လို့ အသံကိုညှစ်ထုတ်လိုက်ရပါတယ်။

ဖြူဖြူ့မျက်နှာကလေးဟာ တစ်ခါတည်း နီရဲသွားပါတယ်ရှင်။ သူ့ကိုယ်ကလေးဟာလည်း တဆတ်ဆတ် တုန်သွားရှာပါတယ်။

"ဟင်...မေမေ ဒါတွေ ဘယ်ကရသလဲ"တဲ့။

"သမီးထားတဲ့ နေရာကပေါ့"လို့ ပြောလိုက်တော့...

"မေမေ မကောင်းဘူး၊ မေမေဟာ သမီးအပြစ်ကို အမြဲတမ်း လိုက်ရှာနေတာပေါ့လေ"တဲ့။

ကဲ...သမီးကလေးက ကျွန်မအပေါ်မှာ ဘယ်လိုသဘောထားရှိတယ်ဆိုတာ မှန်းဆကြည့်ကြပါတော့ရှင်။ ကျွန်မ တော်တော် ဝမ်းနည်းသွားပါတယ်။ ဒါပေမဲ့ မလိမ်မိုး မလိမ်မာအရွယ်ကလေးဆိုတော့ ကျွန်မကပဲ သည်းခံရပေမပေါ့။ ဒါကြောင့် မပြုံးချင်ပဲနဲ့ ပြုံးဟန်ဆောင်လိုက်ရပြီး အသံကိုလည်း ညင်သာနိုင်သမျှ ညင်သာအောင်ထိန်းပြီး သူ့ကို ပြောလိုက်ရပါတယ်။

"မေမေက ဘယ်တုန်းကမှ သမီးကို အပြစ်မရှာခဲ့ပါဘူးသမီးရယ်၊ မေမေက ကိုယ့်သမီးကလေးတစ်ယောက်တည်းမို့ ချစ်သမှ သိပ်ချစ်တာပါ၊ ချစ်လွန်းလို့ သမီးကလေးအခန်းကို မေမေက ကနေ့ဝင်ရှင်းပေးတာပါ၊ သမီးစာအုပ်တွေဟာ စားပွဲပေါ်မှာ ပြန့်ကျဲလို့၊ ခုတင်ခြေရင်းမှာ သမီးထဘီတွေ ပွလို့ ပုံလို့၊ ပြီးတော့ ခြင်ထောင်ကလည်း တိုးလိုးတွဲလောင်း၊ အိပ်ရာခင်းတွေ၊ စောင်တွေ၊ ခေါင်းအုံးတွေကတော့ မပြောနဲ့တော့၊ ဒါကြောင့် သမီးအခန်းကို ဝင်ရှင်းရင်း သမီးရဲ့ခုတင်ပုံကျောဘက်က ဟောဒီစာကလေး

mgyoe.com

သုံးစောင်ကို မေမေ တွေ့ခဲ့တာပါ၊ မေမေကတော့လေ မေမေ့သမီးကလေးဟာ နို့စော်တောင် မပျောက်ရှာသေးဘူးလို့ ထင်နေမိတာ၊ ခုတော့...ခုတော့"

ကျွန်မ ရှေ့မဆက်နိုင်တော့ဘူးရှင်။ ပြောရင်း ကျွန်မအသံဟာ နစ်ဝင်သွားပါတယ်။ မျက်ရည်မကျအောင်လည်း အတင်းထိန်းချုပ်နေရပါတယ်။ ဒါပေမဲ့ ကြည့်စမ်းပါရှင် သမီးကလေးမျက်နှာဟာ မပြောင်းလဲသွားပါဘူး။ နည်းနည်းကလေးမှလည်း စိတ်မှာ ထိခိုက်သွားပုံ မရပါဘူး။ သူ့မျက်နှာကလေးဟာ နီမြဲ ရမြဲ ဒေါသစိတ်ကလေး လျှမ်းလျှမ်းတောက်နေဆဲပါပဲ။

"ခုတော့ ဘာဖြစ်သလဲ မေမေ၊ သမီးက လင်ထောင်နေလို့လား"တဲ့။

ကျွန်မ ဒေါသဟာ ထောင်းခနဲ ဖြစ်သွားပါတယ်ရှင်။ သူ့ပါးကို ဖြန်းခနဲတောင် ရိုက်လိုက်ချင်ပါရဲ့။ ဒါပေမဲ့ အင်းလေ...ရင်သွေးဆိုတော့လည်း မရက်စက်နိုင်ဘူးပေါ့။ သည်တော့ သည်းခံရပြန်သပေါ့။

"သမီးကို လင်စိတ် သားစိတ် မွေးပြီလို့ မေမေ မဆိုရသေးပါကလားကွယ်၊ ဒါပေမဲ့ ဟောဒီ စာတွေကတော့ သမီး အခြေအနေကို သက်သေခံနေတယ် မဟုတ်လား"

"ဒါတွေက သူတို့ပေးကြတာ၊ သမီးက ဘာတတ်နိုင်မှာလဲမေမေ၊ ဒါမျိုးတွေဟာ ကျောင်းမှာ ရိုးနေပါပြီ၊ ယောကျ်ားကလေးမှန်ရင် မိန်းကလေးတွေကို စာပေးကြတာချည်းပဲ၊ တချို့များ ပါးစပ်နဲ့တောင် လိုက်ကပ်ပြီးပြောကြသေးတယ်"

"သြော်"

"မသြော်နဲ့ မေမေ၊ ဒါတွေဟာ အဆန်းမဟုတ်တော့ဘူး"

"ဒါဖြင့်လည်း ထားပါတော့ သမီးရယ်၊ ဒါပေမဲ့ သမီး ဒီစာတွေကိုတော့ တရိုတသေ သိမ်းမထားသင့်ဘူးပေါ့၊ သမီးက ငယ်ငယ်ကလေးပဲ ရှိသေးတာ"

"ဒါကလည်း သမီးက ချစ်လို့ကြိုက်လို့ သိမ်းထားတာမှ မဟုတ်ဘဲ မေမေ၊ ဒီလိုပဲ သူများတွေလည်း သိမ်းထားကြတာပဲ၊ မိန်းကလေးတိုင်းက ဒီစာမျိုး ဘယ်လောက်အထိ ရတယ်ဆိုတာ ဂုဏ်ယူနေကြတာ မေမေရဲ့"

mgyoe.com

mgyoe.com


မြတ်စွာဘုရား...ကယ်တော်မူပါလို့သာ အော်လိုက်ချင်တော့တာပါပဲရှင်။ ကျွန်မ ဘာဆက်ပြောရမယ် ဆိုတာတောင် မသိတော့ပါဘူး။ ပြောလည်း မပြောချင်တော့ပါဘူး။ ဒါကြောင့် ဒီကိစ္စကို သူ့အဖေပဲ လွှဲလိုက်တော့မယ်လို့ ဆုံးဖြတ်လိုက်ပါတယ်။ ဆုံးဖြတ်ပြီး "အေး...အေး...သမီး ဒီစိတ်မျိုးတွေ မဝင်စားသေးဘူးဆိုရင် မေမေ ဝမ်းသာတာပါပဲကွယ်၊ ကဲ... သွားသွား၊ ရေမိုးချိုးတော့"လို့ နိဂုံးချုပ်လိုက်ရတယ်။ ဒါပေမဲ့ သမီးကလေးဟာ ထမသွားသေးဘူးရှင်။ သူက ကျွန်မကို ပြန်မေးနေသေးတယ်။

"မေမေ ဒီအကြောင်းကို ဖေဖေ့ ပြောလိုက်မှာလား"တဲ့။

"ဒါတော့ ပြောပြရမှာပေါ့ သမီးရယ်"လို့ ကျွန်မက ပြောလိုက်တော့ ကျွန်မကို မျက်ခွံကြီးပင့်ပြီး စိန်းစိန်းကြီး ကြည့်နေတယ်ရှင့်။ ပြီးမှ "အင်းလေ...တိုင်ချင်လည်း တိုင်ပြောပေါ့၊ ဒါပေမဲ့ သမီးက အရေးမစိုက်ပါဘူး"တဲ့။ ရက်စက်လိုက်တဲ့ စကားရှင်။ ကျွန်မ ကိုယ်ဟာ နတ်ကျသလို ဖြစ်သွားပါတယ်။ အဲဒီလိုနေတုန်း သူ့အဖေ ရောက်လာပါလေရော။

မောင့်မျက်နှာဟာ အပြုံးနဲ့ ဝင်းနေပါတယ်ရှင်။ သူ ဘာကို ကြည်နူးလာသလဲ မသိပါဘူး။ ခါတိုင်းနေ့တွေနဲ့လည်း မတူပါဘူး။ ခါတိုင်းဆိုရင် မောမောပန်းပန်း လေးလေးကန်ကန်နဲ့ရှင့်။ ဒီနေ့တော့ သူ့ခြေလှမ်းတွေဟာ သွက်လို့။ ပေါ့ပေါ့ပါးပါးနဲ့။ ကြောင်ကလေးကျနေတာပါပဲ။ အိမ်ရောက်ရောက်ချင်း "ရင်ရင်ရေ...မောင် ဒီနေ့ ဦးဘတင့်ကြီးကို အနိုင်ဆော်ခဲ့သကွ"တဲ့။

ပြောပြောဆိုဆို ကျွန်မတို့ရှေ့မှာ သူဝင်ထိုင်လိုက်ပြီး ရက်ကက်ကို စားပွဲပေါ်မှာ ချလိုက်ပါတယ်။

"သူက မောင့်ကို အထင်သေးတယ်လေ၊ မောင်ကလည်း သူ့ကို တစ်ခါမှ အနိုင်မရိုက်နိုင်ခဲ့ဘူး မဟုတ်လား၊ ဒီတော့ ဒီနေ့ သူက မောင့်ကို စိန်ခေါ်တယ်ကွ၊ သုံးပွဲမှာ မောင်တစ်ပွဲ အနိုင်ရိုက်နိုင်ရင် ဒီည ရုပ်ရှင်ပြပြီး ညစာကျွေးမယ်တဲ့၊ မောင်က သူ့ကို သုံးပွဲလုံးရှုံးရင် သူ့ကိုပြန်ကျွေးရမယ်တဲ့၊ မောင်ကလည်း စိန်လိုက်ဆိုပြီး ချတာပေါ့၊ ဟဲ...ဟဲ လောင်းကြေးကြောင့်လား မသိဘူး မောင့်လက်က ဒီနေ့မှ မှန်လိုက်တာ၊ တစ်ပွဲတင်မကဘူး နှစ်ပွဲတောင် ဆက်ပြီးနိုင်လိုက်တယ် ရင်ရဲ့၊ ဒါကြောင့် မောင် ထမင်းမစား

mgyoe.com

တော့ဘူး၊ ရေချိုးပြီး သွားမယ်၊ အလို…ရင်တို့သားအမိ မျက်နှာတွေလည်း မကောင်းကြပါကလား၊ ဘာတွေဖြစ်ကြလို့လဲ၊ တန်တော့ ရန်ဖြစ်ကြပြန်ပြီ ထင်တယ်၊ အေးလေ…မောင်ပြန်လာမှ မေးတော့မယ်၊ ကဲ…ရင်တို့ ထမင်းစားကြတော့၊ မောင်လည်း ရေချိုးမယ်"

ပြောပြောဆိုဆို မောင်က ထိုင်ရာမှ ထလိုက်ပါတယ်။ မောင်ဟာ တော်တော်ဝမ်းသာနေပုံ ရပါတယ်။ ဒါပေမင့် ကျွန်မကတော့ ဝမ်းမသာနိုင်ဘူး။ ပြုံးတောင် မပြုံးနိုင်ပါဘူး။ ထမင်းစားချင်ဖို့ဆိုတာတော့ ဝေးပါသေးရဲ့။ ဒါကြောင့် "ရင် မစားချင်သေးဘူး၊ ခေါင်းခဲနေလို့ အိပ်ရာထဲ ခဏလှဲဦးမယ်" ဆိုပြီး အိမ်ပေါ်ကို တက်ခဲ့ပါတယ်။ ပြီးတော့ အခန်းထဲဝင်၊ အိပ်ရာပေါ် မှောက်ပြီး အသံမထွက်ဘဲ ငိုချလိုက်ပါတယ်။ မကြာပါဘူး၊ အောက်ထပ်က မောင့်ရေချိုးသံ တဗွမ်းဗွမ်းကို ကြားရပါတယ်။ ရေသံနဲ့အတူ လေချွန်သံကို လည်း ကြားရပါတယ်။ မောင် တော်တော် ပျော်နေပါလေရဲ့။ ကျွန်မမှာ တော့…ကျွန်မမှာတော့…။

## [ ၃ ]

ဘယ်လောက်ကြာသွားတယ် မသိဘူး။ မောင်ရေချိုးသံလည်း စဲသွားပြီ။ မောင့်လေချွန်သံလည်း မကြားတော့ဘူး။ မောင်သွားပြီနဲ့ တူပါရဲ့။

သည်လိုနေတုန်း ကျွန်မအနားကို တစ်စုံတစ်ယောက် ရောက်လာပါတယ်။ ဖြူဖြူနဲ့ တူပါရဲ့။ ဟုတ်တယ်။ ဖြူဖြူပါပဲ။

သူဟာ မှောက်ငိုနေတဲ့ ကျွန်မဘေးမှာ ကပ်ထိုင်လိုက်ပါတယ်။ ပြီးတော့ ကျွန်မကို ပြောပါတယ်။

"မေမေဟာ သိပ်ခက်တာပဲ၊ ဖေဖေ မတွေ့သွားလို့ပေါ့၊ တွေ့သွားရင် ရုပ်ရှင်တောင် သွားနိုင်တော့မှာ မဟုတ်ဘူး၊ တစ်ခါတည်း စိတ်ညစ် သွားမှာပဲ"တဲ့။

ကျွန်မက ဘာမှမပြောဘူး။ ကိုယ်ကိုသာ စောင်းလိုက်ပြီး သူ့ကို ငေးကြည့်နေမိတယ်။ ဟုတ်တော့ဟုတ်တယ်။ မောင်သာ တွေ့သွားရင် မောင့် ဝမ်းသာမှုတွေဟာ တစ်မုဟုတ်ချင်း ပျောက်သွားမှာ အမှန်ပါပဲ။

ဖြူဖြူက ဆက်ပြောပြန်ပါတယ်။

mgyoe.com

mgyoe.com

"မေမေဟာ စိတ်နုလွန်းပါတယ်၊ သမီးက မေမေ့ကို မချစ်ဘူးလို့ ဘဲ မေမေ အမြဲထင်နေတာပဲ၊ အဲဒါကို သမီး သိပ်ဝမ်းနည်းတယ်၊ ပြီးတော့ မေမေဟာ အမြဲပူပန်နေတတ်တာပဲ၊ သမီးဟာ မေမေထင်သလောက် မမိုက် ပါဘူး၊ ခုလည်း ဘာမဟုတ်တာကလေးနဲ့ ဖေဖေသိရင် ဘယ်လောက် စိတ် မကောင်း ဖြစ်သွားမလဲ၊ ဖေဖေက ယောကျ်ား မဟုတ်လား၊ ပြီးတော့ ဖေဖေက ပျော်ပျော်သာ နေချင်တတ်တယ် မဟုတ်လား၊ သမီးက ဖေဖေ့ကို ပြောမှာ ကြောက်လို့ ပြောနေတာ မဟုတ်ပါဘူး၊ ဖေဖေကလည်း သမီးရှင်းပြရင် နားလည်မှာပါ၊ ဒါပေမဲ့ အဖေဆိုတော့ ရှက်ချင်ရှက်သွားမှာပေါ့၊ ရှက်သွား ရင် စိတ်ဆင်းရဲသွားမှာပေါ့"

ဘုရား...ဘုရား ကာလသမီးများ စကားတတ်လှချေလားရှင်။ ကာလပေါ်ဝတ္ထုတွေ၊ ရုပ်ပြစာအုပ်တွေကြောင့် ထင်ပါရဲ့။ အရွယ်နဲ့မလိုက် အောင် စကားတွေ တတ်လှပါကလား။ ကျွန်မ ယုံတောင် မယုံနိုင်ပါဘူး။ ကျွန်မ သမီးကလေးဟာ နို့အတ်စော်တောင် မပျောက်သေးပေမယ့် သူ့အမေ ထက်တောင် စကားတွေတတ်နေပါပကောလား။

ဒါကြောင့် ဖေဖေ့အတွက် မေမေ့ကို တောင်းပန်ချင်တယ်၊ ဖေဖေ ပြန်လာလို့ မေးရင် ဘာမှမဟုတ်ပါဘူး၊ သမီးက ခေါက်ထီး ဝယ်ပေးရမယ် လို့ အတင်းပူဆာနေလို့ပါလို့နော် မေမေ အဲဒီလိုပြောနော်"


ကဲရှင်...စံပါပဲ စံပါပဲ။ ကျွန်မကို မတိုးလျှိုးသော်လည်း တောင်း ပန်နေပါတယ်။ သူ့အတွက် မဟုတ်ပါဘူး။ သူ့အဖေ စိတ်မချမ်းသာမှာ စိုးလို့ပါတဲ့။ သူက အကြောင်းပြနေပါတယ်။ သည်စကားဟာ ဘယ့် ကလောက်အထိ မှန်တယ်၊ ဘယ်လောက်အထိ မှားတယ်ဆိုတာ ကျွန်မ မသိနိုင်ပါဘူး။ မှန်ချင်လည်း မှန်ပါလိမ့်မယ်၊ မှားချင်လည်း မှားပါလိမ့်မယ်။ ဒါပေမဲ့ မှားသည်ဖြစ်စေ မှန်သည်ဖြစ်စေ မောင် တည်ဆောက်ထားတဲ့ သုခဘုံကလေးကိုတော့ သည်အချိန်မှာ မပျက်စီးစေချင်သေးပါဘူး။ ဒါကြောင့် ကျွန်မက ကျွန်မသမီးလေးဖြူဖြူကို အဖြေပေးလိုက်ရပါတယ်၊ ဖြေရာမှာလည်း နှုတ်နဲ့မဖြေနိုင်လို့ ခေါင်းနဲ့ဖြေလိုက်ရပါတယ်။ ဟုတ်တယ်၊ ကျွန်မရဲ့ဦးခေါင်းကို ညိတ်ပြလိုက်ခြင်းနဲ့ အဖြေပေးလိုက်ရပါတယ်ရှင်။

■

mgyoe.com

mgyoe.com

ကျော်ငှုး



mgyoe.com

mgyoe.com

[ ၁ ]

ထိုနေ့က ကိုမျိုးမြင့်သည် ရုံးပြန်နောက်ကျသည်။ အမှောင်ပျိုးစ ၆ နာရီလောက်မှ ပြန်ရောက်လာသည်။

ကိုမျိုးမြင့် နောက်ကျပြီဆိုလျှင် မစမ်းစမ်းမေမှာ စိတ်ပူရစမြဲ ဖြစ်သည်။ ခွင့်ရက်မရှိတော့လို့သာ ရုံးတက်နေသော်လည်း ကိုမျိုးမြင့်၏ ကျန်းမာရေးအခြေအနေမှာ မကောင်းလှသေး။ ဖြည်းဖြည်းညင်းညင်းသာ လျှောက်နိုင်သွားနိုင်သေးသည်။ သည်တော့ လမ်းကူးလမ်းဖြတ်၊ ကားဆင်း ကားတက်တို့တွင် ကိုမျိုးမြင့်အတွက် စိတ်မချနိုင်ဘဲ ရှိနေရသည်။ ကိုမျိုးမြင့် ပြန်ရောက်တော့မှပင် ရင်မှအလုံး ကျနိုင်ရှာသည်။

"ရေတစ်ခွက်လောက်ကွာ"ဟု ဆိုကာ အပေါ်အင်္ကျီပင် မချွတ် သေးဘဲ ကိုမျိုးမြင့်သည် ပက်လက်ကုလားထိုင်ပေါ်တွင် လှဲချလိုက်သည်။ မစမ်းစမ်းမေက ရေခပ်ပေးပြီးနောက် သူ့အနီးတွင် ထိုင်ချလိုက်လေသည်။

"ကိုအာယု လာတယ်ကွ"ဟု ဆိုရင်း ကိုမျိုးမြင့်က ဖန်ခွက်ကို ဆား၌ ချလိုက်လေသည်။ ထို့နောက် သူသည် မစမ်းစမ်းမေကို မကြည့်ဘဲ အဝေးသို့ ငေးကြည့်နေသည်။ သူ့မျက်နှာသည် မကောင်းလှ။ မစမ်းစမ်းမေက သူ့ကို အကဲခတ်ကြည့်နေသည်။

"မခင်ဆွေတို့ နေကောင်းကြရဲ့တဲ့လား၊ သူ့လုပ်ငန်းကော စပြီတဲ့ လား"

အတန်ကလေးကြာမှ မစမ်းစမ်းမေက မေးလိုက်သည်တွင်

mgyoe.com

mgyoe.com

ကိုမျိုးမြင့်က ခေါင်းကို ခါပြလေသည်။

"ဒါတွေလည်း မမေးလိုက်နိုင်ပါဘူးကွာ၊ အလုပ်လည်း စနိုင်ပုံ မပေါ်သေးပါဘူး၊ သူ့ကိုယ်ရေးကိစ္စက ပြဿနာပေါ်နေတယ်နဲ့ တူတယ်၊ သူ ငွေအရေးတကြီး လိုနေတယ်လို့ ပြောတယ်၊ သူ့မျက်နှာကလည်း မကောင်းဘူး၊ ခက်တာက ငါကလည်း ဘာမှမကူညီနိုင်၊ စိတ်ကလည်း မကောင်းတော့၊ ဘာမှ ပြန်မပြောလိုက်နိုင်ဘူး၊ အဲဒါကို သူ ဘယ်လိုထင်သွားမလဲ မပြောတတ်ဘူး၊ ဒီကောင် တော်တော် ကျေးဇူးကန်းတဲ့ကောင်၊ လက်က မပြောနဲ့ ပါးစပ်ကတောင် ကူညီအားပေးဖော် မရဘူးလို့ အထင်မှားသွားမလားမသိဘူး၊ ငါဖြင့် ဝိုတောင် ဝိုချင်လာတယ်"

ကိုမျိုးမြင့်က ဝမ်းနည်းပက်လက် ပြောနေလေသည်။ မစမ်းစမ်းမေလည်း သတင်းဆိုးကြားရသူကဲ့သို့ မျက်နှာပျက်သွားလေသည်။

"အင်း...အဲဒါမှ ခက်တာပဲ"ဟု မစမ်းစမ်းမေက တိုးတိုးညည်းလေသည်။ သူ့အသံသည် အက်နေလေသည်။

"အေး...ခက်ထာကတော့ ပြောမနေနဲ့၊ ပေါင်နှံပေးစရာကလည်း မရှိ၊ အိမ်ကလည်း ဝယ်မယ့်သူ မတွေ့သေး"

"ဟုတ်တယ်...ကိုမြင့်ရယ်၊ ဒီအိမ်တည့်တော့မှပဲ သူ့ကျေးဇူးကို ဆပ်နိုင်တော့မှာပဲ၊ ကိုယ့်မှာလည်း စားဖို့တောင် အနိုင်နိုင်ဖြစ်နေတော့ ဘယ်လိုမှ တတ်နိုင်မှာမဟုတ်ဘူး၊ ဒါပေမဲ့ သူ အထင်မှားမှာကိုတော့ မခံချင်ဘူး၊ အစမ်းတို့ စိတ်ထားကို ရင်ခွဲပြလို့ရရင် ပြလိုက်ချင်ပါတယ် ကိုမြင့်ရယ်"

"အေး...ရင်ကိုခွဲပြလို့ မရ၊ ကိုယ့်ဝမ်းထဲက စေတနာကိုလည်း သူက မြင်ရတာမဟုတ်တော့၊ အထင် မှားချင်ရင်လည်း မှားပေမှာပဲ၊ မှားရင်လည်း သူ့အဆိုးမဟုတ်ပါဘူး၊ တို့အဆိုးပဲရယ်လို့ စိတ်မှာပိုက်ပြီး သည်းခံရမှာပါပဲ၊ သည်တော့ ဒီအိမ်အရောင်းအဝယ် မြန်မြန်ဖြစ်ပါစေလို့သာ ဆုတောင်းကြတာပေါ့ကွာ၊ ကဲ...ကဲ ကလေးတွေခေါ် ထမင်းစားကြတော့၊ ငါတော့ လက်ဖက်ရည်တွေ သောက်လာလို့ မဆာသေးဘူး၊ စားချင်စိတ်လည်း မရှိသေးဘူး၊ ညမှပဲ ဆာရင်စားတော့မယ်"

ကိုမျိုးမြင့်က ပက်လက်ကုလားထိုင်မှ ထလိုက်ကာ အဝတ်အစား

mgyoe.com

mgyoe.com

များကို ချွတ်နေစဉ် မစမ်းစမ်းမေက မီးဖိုချောင်သို့ ဝင်သွားလေသည်။

ထိုညကား သူတို့အဖို့ အိပ်မပျော်နိုင်မည့်ညပင် ဖြစ်လေသည်။

[ ၂ ]

စဉ်းစားလေလေ ကိုအာယု၏ ကျေးဇူးသည် ကြီးမားလေလေ ဖြစ်လေသည်။

ကိုအာယုနှင့်သူသည် လွန်ခဲ့သော ၆ နှစ်လောက်က စတင်သိရှိခဲ့၍ ညီအစ်ကိုအရင်းပမာ ချစ်ခင်ရင်းနှီးခဲ့ကြသည်။ ကိုအာယုက သူ့ထက် နှစ်နှစ်ခန့်ကြီးသဖြင့် ညီလေး ညီလေးဟုခေါ်ကာ ဆိုးတိုင်ပင်၊ ကောင်းတိုင်ပင် ပြုခဲ့သည်။ သူက အောက်တန်းစာရေးမျှသာ ဖြစ်ခြင်းကြောင့်လည်း ကိုအာယုက သူ့ကို သနားပုံရလေသည်။ ဖိနပ်ကအစ ဦးထုပ်အဆုံး အားလုံး ဝယ်ပေးခဲ့ဖူးသည်။ ငွေကြေးအကူအညီဆိုလျှင်လည်း တစ်ရာမျိုး၊ နှစ်ရာမျိုး မဆိုထားဘိ၊ တစ်ထောင် ကိုးရာမျိုးပင် အိမ်သို့လာရောက်၍ ပေးအပ်ကူညီခဲ့သည်။ သည်မျှသာလော။ မကသေး။ စာဖွဲ့လောက်သော မှတ်တမ်းတင်ထိုက် တင်အပ်သော ကျေးဇူးတစ်ရပ်လည်း ရှိခဲ့သေးပေသည်။

ရက်ပေါင်း တစ်ရာသာလျှင် လူ့ဘဝတွင် နေသွားရရှာသော သူ့သားကလေး မွေးခဲ့စဉ်ကပင်တည်း။

သားကလေးသည် ဖြူဖြူဖွေးဖွေး ရေဆေးငါးလို ချစ်စရာကောင်းလှသည်။ သို့သော် သူငယ်နာ ကိုယ်တိုးရောဂါပါလာ၍ အခါပေါင်း ရာထောင်မက တက်တက်နေသဖြင့် အခက်ကျနေရလေသည်။ သည်အထဲ အဆိုးဝါးဆုံးကား ဆေးကုစရာ ပိုက်ဆံမရှိခြင်းနှင့် တစ်ဆယ်တိုးဖြင့် ချေးငှား ကုပြန်တော့လည်း ရောဂါက ဆိုးသထက် ဆိုးနေခြင်းပင် ဖြစ်လေသည်။ ထိုစဉ်တွင် ကိုအာယုသည် အိမ်သို့ ရောက်လာခဲ့လေသည်။

"မင်းတို့ ဘာဆရာနဲ့ ကုနေသလဲ"

"ဗမာဆရာနဲ့"

"ဆရာဝန် မခေါ်ဘူးလား"

"ဟင့်အင်း"

"ဘာပြုလို့လဲ"

mgyoe.com

mgyoe.com


သူက အဖြေမပေးဘဲ မဲ့ပြုံးသာ ပြုံးပြလိုက်လေသည်။ ကိုအာယု သည် ချက်ချင်းပင်ထကာ ကားကို စက်နှိုးထွက်သွားပြီးနောက် မကြာမီ ကုလားဆရာဝန်တစ်ယောက်နှင့် ပြန်ရောက်လာလေသည်။ ကျေးဇူးကြီး လှသူပါတည်း။

ကူညီသူ ပေါ်လာသဖြင့် တစ်ဖက်က ဝမ်းသာရသော်လည်း ကလေးရောဂါကမူ ဆိုးမြဲဆိုးနေရုံသာမက နောက်ဆုံး မျှော်လင့်ချက် ကုန် ဆုံးရတော့မည့် အခြေသို့ ဆိုက်ရောက်ပြန်လေသည်။ မစမ်းစမ်းမေသာလျှင် ကလေးအနားက မခွာဘဲရှိနေ၍ သူကမူ အိမ်ဝမှာထိုင်ပြီး သေမည့်အချိန်ကို သာ စောင့်စားလျက် ရှိနေလေသည်။ ထိုစဉ် ကိုအာယုတို့ ဇနီးမောင်နှံသည် ကားနှင့်ရောက်လာကြပြန်လေသည်။

"ဘယ့်နှယ်နေသေးသလဲဟေ့"

သူက အဖြေမပေး။ ကလေးဘက်သို့ မေးငေါ့ပြလိုက်သည်။ ဇနီး မောင်နှံသည် ကလေးအနား၌ ထိုင်ချလိုက်လေသည်။

"မင်း ဆရာကို ထပ်မခေါ်ဘူးလား"

"ခေါ်တယ်၊ သူက မလိုက်ဘူး၊ ဆေးပဲပေးလိုက်တယ်၊ ဆေး ကလည်း အစွမ်းမပြပါဘူး"

ကိုအာယုသည် မခင်ဆွေကို လက်တို့၍ ဆင်းသွားပြန်လေသည်။

"တို့ ခုပဲ ပြန်လာခဲ့မယ်"ဟု ဆိုကာ ကားမောင်းထွက်သွားပြန်လေ သည်။ သည်တစ်ကြိမ်တွင်တော့မူ မြန်မာဆရာကြီးတစ်ဦး ပါလာလေသည်။

ဆရာကြီးသည် စိတ်သဘောထား အလွန်ကောင်းမွန်လှ၍ သူ့ဆေး အစွမ်းကလည်း အတော်ပင် ပြပေသည်။ မျှော်လင့်ချက် ကုန်ဆုံးနေသော သားငယ်သည် အတက် တဖြည်းဖြည်း ဝေးလာလေသည်။ သည်တော့ သူသည် ဝမ်းသာအားရ လက်ပန်းပေါက်ပင် ခတ်ခဲ့မိပေသည်။ 'ငါ့သား မသေနိုင်တော့ဘူးကွ၊ ဒီကောင်ကို ကျောက်ခဲလို့ မှည့်မယ်၊ နာမည်ဆိုးချင် ဆိုးပေစေ၊ လူလှရင်ပြီးတာပဲ'ဟုလည်း ဆိုခဲ့မိပေသည်။ သို့သော်...

သို့သော် သားငယ်သည် ကျောက်ခဲမဖြစ်လာဘဲ မြေကြီးခဲ ဖြစ်သွား ခဲ့လေသည်။ ခွင့်လည်းစေ့၊ စိတ်လည်းချသဖြင့် ရုံးပြန်တက်ခဲ့သော သူသည် ရုံးတွင် ဖင်ပူအောင်ပင် မထိုင်ရသေး၊ ကလေးဆုံးပြီဟု တယ်လီဖုန်းရောက်

mgyoe.com

mgyoe.com


လာသဖြင့် အိမ်ပြန်ပြေးခဲ့ရလေသည်။ ကလေးသည် သူ့အမေက ချီထား စဉ်တွင်ပင် အသျှော်မိလိုက်ရာ တက်ပြီး တစ်ချက်တည်းနှင့် အသက်ထွက် သွားသည်ဟု သိလိုက်ရလေသည်။ ပထမဆုံး ပျက်စီးရသော ရင်သွေးဖြစ် သဖြင့်လည်း စိတ်အလွန် ထိခိုက်ခဲ့ရပေသည်။ သို့သော် ပူဆွေးမနေအား။ တစ်ဖက်က ကိုအာယုကို အကြောင်းကြား၍ တစ်ဖက်က ငွေရှာရပြန်လေ သည်။ ကိုအာယုကလည်း ချက်ချင်း ရောက်ရှိလာလေသည်။

"မင်း ဘာတွေ စီစဉ်ထားသလဲ"

"ဘာမှ မစီစဉ်ရသေးဘူး၊ ခေါင်းပဲ လုပ်ခိုင်းရသေးတယ်၊ အလောင်းချဖို့တော့ ဆိုက်ကားနဲ့ပဲ တင်သွားရင် ကောင်းမလားလို့"

"အို...ဆိုက်ကားလည်း ငှားမနေနဲ့၊ အစ်ကို့ကားနဲ့ပဲ တင်သွားမယ်၊ လသားကလေးပဲ၊ ပြီးရင် ပြီးတာပဲ"

သည်လိုနှင့် သူ့ကားနှင့်ပင် သား၏ အသုဘကို ချခဲ့ရလေသည်။ သည်မျှ ကိုအာယု၏ ကျေးဇူးတရားသည် ကြီးမားလှပေသည်။

သူသာမဟုတ်၊ ဆေးဆရာကြီးကလည်း သူတို့ဆင်းရဲဒုက္ခ ရောက် နေကြသည်ကို သနားလှသောကြောင့်ဟုဆိုကာ သားဆုံးသည့်နောက်ပိုင်း တွင်ပင် အိမ်သို့လာရောက်၍ ထီလက်မှတ်တစ်စောင် ပေးသွားခဲ့သေးပေ သည်။

ကိုမျိုးဖြင့် အိပ်မပျော်နိုင်သကဲ့သို့ မစမ်းစမ်းမေကလည်း တစ်ဖက် တွင် ခွေ၍ ငေးနေလေသည်။ ကိုအာယု၏ ကျေးဇူးကို သူတို့ ဆပ်ချင်ကြ ပေသည်။ သို့သော် ဘယ်ပုံဆပ်နိုင်ကြပါမည်နည်း။

သူတို့၏ အခြေအနေကလည်း ဆိုးဝါးတုန်း ရှိနေသေးပေသည်။ သူသည် ရာထူးနှစ်ဆင့်တိုး၍ လစာငွေ သုံးရာကျော် ရရှိနေပြီဖြစ်သော်လည်း အဆုတ်တွင် 'ပြည်'ဝင်သောရောဂါ ဝင်နှောင့်သဖြင့် ရှိသမျှပစ္စည်းပြောင်ကာ အိမ်ကိုပင် ပေါင်ထားရပေသည်။ ပထမ တစ်ထောင်၊ နောက် နှစ်ထောင်၊ နောက် လေးထောင်၊ တိုးတိုးယူခဲ့ရ၍ အတိုးကချည်း တစ်လလျှင် တစ်ရာ့ ခြောက်ဆယ် ပေးနေရပေသည်။ သည်အထဲ ငါးကျပ်တိုး၊ တစ်ဆယ်တိုးဖြင့် တစ်ရာဆွဲ၊ နှစ်ရာဆွဲတွေကလည်း ရှိနေသေးသည်။ သည်တော့ လခသုံးရာ မှာ ဂျာအေး သူ့အမေရိုက်ပြီး လုံးပါးပါးကာ ငါးပိနှင့်ပင် စားရသည့်အခြေသို့

mgyoe.com

mgyoe.com


ဆိုက်နေရလေသည်။ ဒါကို ကိုအာယုက မသိရှာ။ ထုတ်ပြောရသည်မှာ ကလည်း မကောင်း။ အကြောင်းက ဆိုးလှချေသည်။ သားကလေး ရက်လည်စဉ်ကလည်း ရှက်စရာ ကြုံခဲ့ရသည်ကို ကိုအာယု စိတ်မကောင်း မည်စိုးသဖြင့် မပြောရက်ရှိခဲ့ကြပေသည်။ ယင်းကား ရက်လည် နို့ထမင်း ကျွေးရန်အတွက် နွားနို့ပင် မဝယ်နိုင်သဖြင့် နို့ဆီငါးဘူး ချေးငှား၍ နို့ထမင်း ကျွေးခဲ့ရသည့်အဖြစ်ပင် ဖြစ်လေသည်။

ကိုမျိုးမြင့်သည် သက်ပြင်းတစ်လုံးချကာ တစ်ဖက်သို့ စောင်းလိုက် လေသည်။ မစမ်းစမ်းမေကလည်း တစ်ဖက်ကို စောင်းနေရာက တစ်ဖက်သို့ ပြောင်းလိုက်သည်။ သည်တော့ လင်မယားနှစ်ယောက်သည် မျက်နှာချင်း ဆိုင်မိကြလေသည်။

ညသည် တိတ်ဆိတ်မြဲ တိတ်ဆိတ်နေလေသည်။

## [၃]

"တွေ့ခဲ့ရဲ့လား"

ကိုအာယုအိမ်မှ ပြန်လာသော ကိုမျိုးမြင့်အား မစမ်းစမ်းမေက ဆီး၍ မေးလိုက်ခြင်း ဖြစ်ပေသည်။ ကိုမျိုးမြင့် ခေါင်းခါပြလေသည်။

"သူမရှိဘူးကွ၊ မန္တလေးဘက်ကို သွားတယ်တဲ့၊ မခင်ဆွေတို့တော့ နေကောင်းကြပါတယ်၊ ဓာတ်ဘူးကလေးတစ်လုံး လိုချင်တယ်ပြောလို့၊ ငါကလည်း ရစေ့မယ်လို့ ကတိပေးခဲ့တယ်၊ တို့ စတပ်ဖ်ရှော့မှာ မှာထားတာ ရရင် မင်းသွားပေးလိုက်ပါ၊ ပိုက်ဆံပေးရင် မယူနဲ့နော်၊ တို့အဖို့ တိုးပြီး မဆင်းရဲတော့ပါဘူး"

ထိုစဉ်က အစိုးရက အမှုထမ်းအရာထမ်းများအတွက် သက်သာ ချောင်ချိရေးဆိုင် ဖွင့်ထားရာ မှုထမ်းရာထမ်းများသည် မိမိတို့ လစာနှုန်းများ အလိုက် အဝတ်အစားနှင့် အသုံးအဆောင်ပစ္စည်းများကို သက်သာသော နှုန်းထားများဖြင့် ဝယ်ယူခွင့် ရရှိကြလေသည်။ ထို့ကြောင့် ကိုမျိုးမြင့်ကဲ့သို့ သော ငွေကျပ်တည်းသူများသည် မလိုသောပစ္စည်းများကို တစ်ဆင့်ပြန်လည် ရောင်းစားခြင်းဖြင့် မတရား စီးပွားရှာကြရလေသည်။ သို့ရာတွင် ယခု တစ်ကြိမ် စာရင်းပေးခဲ့ရာတွင် ပါဝင်သော ဓာတ်ဘူးကား ရောင်းစားရန်

mgyoe.com

mgyoe.com


အတွက်မဟုတ်။ ကလေးများအတွက် အမှန်လိုနေသောပစ္စည်း ဖြစ်ပေသည်။ အလွန်ရခဲ၍ အပြင်မှာပင် သုံးဆခန့် ဈေးရှိနေလေသည်။

သို့သော် မည်မျှပင် အမြတ်ရနိုင်စေ၊ မည်မျှပင် မိမိတို့အတွက် အသုံးလိုနေစေ သည်ဓာတ်ဘူးကိုတော့ ကိုအာယုတို့အား ပေးရပေမည်။ အမှန်တော့လည်း မခင်ဆွေတို့မှာ ဓာတ်ဘူးမရှိ၍မဟုတ်။ အသုံးလိုသောကြောင့်လည်းမဟုတ်။ အမြတ်တော်ကြေး ဝန်ထောက်တစ်ယောက်က လိုချင်သည်ဟု ပြောသဖြင့် စကားစပ်မိရာက "ကိုမျိုးမြင့်တို့ စတပ်ဖ်ရှော့မှာ ဓာတ်ဘူးကလေးများ မရဘူးလား ကိုမျိုးမြင့်ရယ်"ဟုသာ မေးခဲ့ခြင်းဖြစ်လေသည်။ သည်တော့ ကျေးဇူးတရား များစွာရှိနေသော မခင်ဆွေအား "စိတ်ချ၊ ရစေ့မယ်"ဟု သူက ကတိပေးခဲ့လေသည်။ ထို့ကြောင့် သူ၏ကျေးဇူးရှင် ကိုအာယုကို ဓာတ်ဘူးဖြင့် ကျေးဇူးဆပ်ရမည်ကို သူသာမက မစမ်းစမ်းမေကပါ ဝမ်းသာကြည်နူးနေမိကြလေသည်။

သို့နှင့် ဓာတ်ဘူးထုတ်သောနေ့သို့ ရောက်လာခဲ့လေသည်။ ဓာတ်ဘူးအပြင် အခြားပစ္စည်းများလည်း ပါသေးသဖြင့် ကိုမျိုးမြင့်သည် လွယ်အိတ်တစ်လုံးကို ယူသွားရလေသည်။ အားလုံး စုစုပေါင်း ငါးဆယ်ဖိုးခန့် ရှိသော်လည်း လခထုတ်ပြီးစဖြစ်သဖြင့် ငွေချေးရသည့်ပြဿနာ မပေါ်သေး။ ကျန်ပစ္စည်းများ ရောင်းချလိုက်က ငွေပြန်ပေါ်၍ ဓာတ်ဘူးဖိုးလောက်တော့ ကျေသွားမည် ဖြစ်လေသည်။

ညနေ ၅ နာရီခန့်တွင် ကိုမျိုးမြင့်သည် လွယ်အိတ်ကိုလွယ်လျက် ဓာတ်ဘူးဖာကို လက်ဖြင့်ပိုက်လျက် ပြန်ရောက်လာလေသည်။ သူသည် မစမ်းစမ်းမေကို လွယ်အိတ်ပေးလိုက်၍ ဓာတ်ဘူးဖာကို စားပွဲပေါ်တွင် တင်လိုက်လေသည်။ ထို့နောက် အင်္ကျီလဲကာ ပက်လက်ကုလားထိုင်ပေါ်တွင် လှဲချလိုက်လေသည်။

မစမ်းစမ်းမေက လွယ်အိတ်အတွင်းမှပစ္စည်းများကို ထုတ်နေစဉ် သမီးအလတ်သည် အိမ်ပေါ် ပြေးတက်လာလေသည်။ ကလေးမသည် စားပွဲပေါ်မှ သားမော့စ် ဓာတ်ဘူးဖာကို မြင်လိုက်သည်နှင့်တစ်ပြိုင်နက် "ဟယ်... ဓာတ်ဘူးကြီးဟေ့"ဟု ဆိုလိုက်ကာ စားပွဲဆီသို့ ပြေးသွားလေသည်။

"ဝွမ်း"

mgyoe.com

mgyoe.com


လွယ်အိတ်အတွင်းမှ ပေါင်ဒါဘူး၊ ခေါင်းလိမ်းဆီဘူး၊ အထည်စများတွင် အာရုံစိုက်နေသော မစမ်းစမ်းမေသည် လည်းကောင်း၊ မောမောနှင့် မှိန်းနေသော ကိုမျိုးမြင့်သည်လည်းကောင်း အလန့်တကြား ဖြစ်သွားကာ ဝှမ်းခနဲ အသံထွက်လာရာသို့ ကြည့်လိုက်ကြလေသည်။

"ဟောဗျာ"

"ဟောတော်"

နှစ်ယောက်သား ပါးစပ်အဟောင်းသား ဖြစ်နေကြလေသည်။ သမီးကလေးကလည်း ကြောက်အားလန့်အားနှင့် သူတို့ကို ပြန်ကြည့်နေလေသည်။ ဓာတ်ဘူးကား ကြမ်းပေါ်တွင် စင်းစင်းကလေး လဲနေလေသည်။

ကိုမျိုးမြင့်သည် ဓာတ်ဘူးဆီပြေး၍ ကောက်လိုက်ရာ အဖုံးကို လှည့်ဖွင့်လိုက်လေသည်။ ထို့နောက် ဘူးဆို့ကလေးကို ဆွဲထုတ်လိုက်လေသည်။

ထင်သည့်အတိုင်းပါပဲ အတွင်းဖန်သားများမှ ကြေမွနေပေပြီ။ သူသည် ဒေါသတကြီးဖြင့် အခန်းထောင့်မှ ကြက်မွေးတံမြက်စည်းကို ပြေး၍ ဆွဲလေသည်။

"ခွေးမကလေး နင့်ကိုသတ်မယ်"

"အို...အို...နေပါဦး ကိုမြင့်ရယ်၊ ဒီလောက်လည်း ဒေါသမကြီးပါနဲ့"

မစမ်းစမ်းမေသည် ကိုမျိုးမြင့်ကို ကပျာကယာ ထဖက်ရလေသည်။ သူ့ ဒေါသကြီးသည်က အရေးမဟုတ်၊ ရောဂါပြန်ဖြစ်ပါက ခက်ရချေမည်။ ထို့ကြောင့် မျက်ရည်သွယ်သွယ်ဖြင့် ကိုမျိုးမြင့်ကို တောင်းပန်ရှာလေသည်။

"အစမ်း သူ့ကိုရိုက်ပါမယ် ကိုမြင့်ရယ်၊ သူလည်း တမင်ကွဲအောင် ဘယ်လုပ်ပါ့မလဲ၊ မတော်လို့ ဖြစ်ကြတာပေါ့၊ ကိုမြင့် ဒေါသမကြီးပါနဲ့၊ ရောဂါတိုးလာမှဖြင့် ပိုခက်နေရပါဦးမယ်"

ကိုမျိုးမြင့်သည် သူ့မယားစကားကို နားထောင်လိုက်သော်လည်း လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ထား၍ မျက်ရည်တွေတွေစီးနေလေသည်။ သူသည် အံကိုကြိတ်လိုက်ပြီးနောက် ပက်လက်ကုလားထိုင်ပေါ်သို့ ကိုယ်ကိုဆောင့်၍ လှဲချလိုက်လေသည်။

mgyoe.com